# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ အင်္ဂါနေ့ အတွဲ (၆၄)၊ အမှတ် (၀၄၃)

**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၄ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၄ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်ကြီး၌ ဆင်ယင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွံ့ဖက်ရွှေကျင် သာသနာပိုင် မဟာသုဗောဓာရုံ ကျောင်းတိုက်များ၏ မဟာနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော်

*စာမျက်နှာ ၃ ကော်လံ ၁* ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွံ့ဖက်ရွှေကျင်သာသနာပိုင် မဟာသုဗောဓာရုံကျောင်းတိုက်များ၏ မဟာနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

**ယနေ့** ဖတ် စ ရာ

**သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများ**
ဆောင်းပါး စာ ၈

**ဆွေမျိုးပေါက်ဖော် ရှေ့ခရီး**
ကဗျာ စာ ၁၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရုတ်နိုင်ငံခရီးစဉ်တွင် နိုင်ငံတော်အတွက် ကလျာစုံဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ**
ကြေညာချက် စာ ၁၂

**ကျိုင်းတုံမြို့နယ်၌ မိုးကန်စွန်းဥ စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုး**

စီးပွားရေးသတင်းများ စာ ၁၆

## လှူကထိန် မြတ်သင်္ကန်းရယ်နှင့်

ဝါလကင်းလွတ်၍ သီတင်းကျွတ်သည်နှင့် ကထိန်သင်္ကန်း လှူဒါန်းကြသည့် အခါရာသီကျရောက်ပြီဖြစ်သည်။ ကထိန်သင်္ကန်းလှူဒါန်းခြင်းသည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာ အချိန်ကာလ အတွင်းမှာသာ လှူဒါန်းခွင့်ရှိ၍ ကာလဒါနဖြစ်သကဲ့သို့ သံဃာအားသာရည်စူး၍ လှူဒါန်းရခြင်းကြောင့် သံဃိကဒါနလည်း ဖြစ်သည်။ သင်္ကန်းမှာ ကထိန်၊ ကျောင်းမှာ သိမ်ဟူသော ဆိုရိုးစကားနှင့်အညီ ကထိန်သင်္ကန်းလှူဒါန်းခြင်းကို အထွတ်အမြတ်ကုသိုလ်ဒါနတစ်ရပ်အဖြစ် ဗုဒ္ဓဘာသာဝင်တို့က အလေးအနက်ထားလှူဒါန်းကြသည်။

ကထိန်သင်္ကန်း ဖြစ်ပေါ်လာပုံမှာ မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူစဉ် ပါဝေယျကတိုင်းသား ဘဒ္ဒဝဂ္ဂီညီနောင် ၃၀ ဆောင် ရဟန်းတော်သုံးကျိပ်တို့သည် ဘုရားရှင်ကို ဖူးမြော်ရန် သာဝတ္ထိပြည်သို့လာစဉ် လမ်းခရီး၌ဝါဆိုခြင်းကြောင့် သာဝတ္ထိပြည်နှင့် ခြောက်ယူဇနာ (၄၈ မိုင်) ခန့်ဝေးသော သာကေတမြို့၌ ဝါဆိုကြရရှာသည်။ ဝါကျွတ်သည့်ကာလရောက်သည့်အခါ မိုးက ဆက်လက်ရွာသွန်းနေခြင်းကြောင့် မိုးလွတ်သည်အထိ မစောင့်ဆိုင်းတော့ဘဲ မြတ်စွာဘုရားရှင်သီတင်းသုံးရာ သာဝတ္ထိပြည်သို့ မိုးထဲရေထဲမှာပင်ရှန်းကန်၍ ပင်ပန်းဆင်းရဲစွာ ကြွတော်မူကြရသည်။ ထိုပါဝေယျကတိုင်းသား ရဟန်းတော် သုံးကျိပ်တို့ မိုးထဲရေထဲ ရွှံ့နွံထဲတွင် စိုရွှဲသောသင်္ကန်းများဖြင့် ပင်ပန်းဆင်းရဲကြီးစွာ ကြွလာကြရခြင်းကို အကြောင်းပြု၍ မြတ်စွာဘုရားရှင်က "အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ၊ ရဟန်းတို့ ဝါကျွတ်သော ရဟန်းတို့အား ကထိန်ခင်းခြင်းငှာ ခွင့်ပြု၏" ဟူ၍ ကထိန်ခင်းခြင်းကို မြတ်စွာဘုရားက ခွင့်ပြုတော်မူခဲ့ခြင်း ဖြစ်သည်။

ကထိန်လှူဒါန်းသည့်အခါ ရဟန်းတော်များသည် ဝိနည်းသိက္ခာပုဒ်ဆိုင်ရာ အကျိုးတရား (၅) ပါးကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှစ၍ တပေါင်းလပြည့်နေ့အထိ ငါးလတိုင်တိုင် ရရှိကြသကဲ့သို့ လှူဒါန်းသည့် ဒါယကာ၊ ဒါယိကာမများမှာလည်း အကျိုးထူးများ ရရှိနိုင်ကြသည်။ ရဟန်းတော်တို့ ရရှိနိုင်သည့် ကထိန်အာနိသင် အကျိုး (၅) ပါး မှာ (၁) မပန်မကြား လိုရာသွား၊ ပြစ်များမသင့်ပြီ၊ (၂) သုံးထည်ထဲမှာ ထားလိုရာ ထားကာသွားနိုင်သည်၊ (၃) လေးပါးတူပင် ဂိုဏ်းဘောဇဉ် စားလျှင်စားနိုင်သည်၊ (၄) သင်္ကန်းများစွာ ငါးလမှာ သိမ်းကာထားနိုင်သည်၊ (၅) သံဃာလှူငြား သင်္ကန်းများ သူ့အားသာဖြစ်သည်။ တစ်နည်းအားဖြင့် မြို့တွင်းရွာတွင်းသို့ သွားလိုသည့်အခါ ထင်ရှားရှိသော ရဟန်းကို ခွင့်မပန်ဘဲ သွားနိုင်ခြင်း၊ တိစီဝရိတ်မှတင်ဆောင် ရဟန်းတော်ဖြစ်လျှင် သင်္ကန်းသုံးထည်တွင် (သင်းပိုင်၊ ကေသီ၊ ဒုကုဋ်) တစ်ထည်ထည်ကို ထားခဲ့ပြီး သွားလိုရာသွားနိုင်ခြင်း၊ ပင့်ဖိတ်သူ ဒကာ၊ ဒကာမ တို့က အပင့်အဖိတ်မတတ်၍ မအပ်မရာအသုံးအနှုန်းဖြင့် ပင့်ဖိတ်သော်လည်း ဘုဉ်းပေးခွင့်ရှိခြင်း၊ မိမိရရှိသော သင်္ကန်းကို အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ ထားပိုင်ခွင့်ရှိခြင်းတို့ပင်ဖြစ်သည်။

ကထိန်သင်္ကန်းလှူဒါန်းကြသော အလှူရှင်များမှာလည်း (၁) တားဆီးကင်းကွာ၊ လွတ်လပ်စွာ၊ လိုရာသွားနိုင်သည်။ မိမိသွားလိုရာသို့ အတားအဆီး၊ အနှောင့်အယှက်မရှိ လွတ်လွတ်လပ်လပ်သွားနိုင်ခြင်း၊ (၂) တာဝန်ကိစ္စ၊ မလေးရ၊ ပေါ့လှလေတော့သည်။ မည်သည့်တာဝန်ကိစ္စပင်ဖြစ်စေ ပေါ့ပေါ့ပါးပါး အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း၊ (၃) စားလိုရာများ၊ စားသော်ငြား၊ ဘေးကားမဖြစ်ပြီ။ မည်သည့်အစားအစာကို စားစေကာမူ အစားအစာကြောင့် ဘေးမဖြစ်ခြင်း၊ အဆိပ်မသင့်နိုင်ခြင်း၊ (၄) ပစ္စည်းအများ သိမ်းပိုက်ထား ဘေးကားမရှိပြီ။ မိမိပိုင်ဆိုင်သော ပစ္စည်းဥစ္စာများ ပျက်စီးစေနိုင်မည့် ဘေးရန်တို့ မကျရောက်နိုင်ခြင်း၊ (၅) ကိုယ့်ပစ္စည်းများ၊ သူတစ်ပါး၊ ယူသွားကင်းပသည်။ မိမိပိုင်ဆိုင်သော ပစ္စည်းကို မိမိကမပေးဘဲ မည်သူမျှ မယူနိုင်၊ မသိမ်းပိုက်နိုင်ခြင်းဟူသော အကျိုး (၅) ပါးကို ရရှိနိုင်ကြသည်။

ကထိန်ခင်းအပ်သော အခါသမယတွင် ရတနာမြတ်သုံးပါးတွင် အပါအဝင်ဖြစ်သည့် သံဃာတော် အရှင်သူမြတ်များအား ကထိနစီဝရံ ကထိန်လျာမြတ်သင်္ကန်းကို ထက်သန်လှစွာသော သဒ္ဓါတရားပြဋ္ဌာန်း၍ လှူဒါန်းဆက်ကပ်ကြကုန်သော ကထိန်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့မှာ ကုသိုလ်အထူးထူး အကျိုးကျေးဇူး အဖြာဖြာတို့ ရရှိခံစားနိုင်ကြပါမည်ဟု သာဓုအနုမောဒနာ ပြုအပ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာ ပြည့်ဝသော ပညာတတ်များ ပေါ်များရေး။
- ★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။
- ★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အရိပ်လည်းနေ အခက်လည်း ချိုးကြသော PDF အကြမ်းဖက်များမှ အုန်နဲ့ပေါင်းရွာက ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်သွား"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားတွေရဲ့ လက်သုံးစကား ဒလန်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံနေရ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီ မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၈၉၀၈၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်ယွန်းယွန်းသို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီးနာဒူးလ် ကမ်းခြေ/ သီရိလင်္ကာနိုင်ငံ ကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | စိုးစိုးနိုင် | **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းမှူး** | - | မြင့်စိုး | **အကြီးတန်း** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| **စာတည်းများ** | - | ဝင်းကျော်၊ နေဇာဇာထွန်း | **သတင်းထောက်များ** | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | **အငယ်တန်း** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ | **သတင်းထောက်များ** | | |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ | **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ | **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သာသနဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ် ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့်သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

❂ *ရွှေဖုံးမှ*

ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သာသနဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဝဇိရာနန္ဒ သုဗောဓာရုံကျောင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနား တက်ရောက်လာသည့် ဧည့်ပရိသတ်များ ကထိန်ခံ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဝဇိရာနန္ဒသုဗောဓာရုံကျောင်းတိုက်သို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြစဉ်။

တိုက်သို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

**မေတ္တာသုတ် ပရိတ်တရားတော်များ နာယူ**

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွား သရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။


**ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သန်လျင်မင်းကျောင်း

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်း နေပြည်တော် ဥတ္တရသီရိမြို့နယ် ဝဇိရာနန္ဒ သုဗောဓာရုံကျောင်းတိုက် ပါမောက္ခချုပ် ဆရာတော်ကြီးထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။



**လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။



**ပရိတ်တရားတော်များ နာယူ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ် အပေါင်းတို့က သန်လျင် မင်းကျောင်း ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွား သရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြစဉ်။**

ယင်းနောက် ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများကဆရာတော်သံဃာတော်များထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

**ကထိန်အမေးအဖြေများ ဆောင်ရွက်**

ဆက်လက်၍ ပျဉ်းမနားမြို့ အုန်းတောကျောင်းတိုက် ဆရာတော်နှင့် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် တိုက်အုပ်ဆရာတော်တို့က ကထိန်အမေးအဖြေများကို ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ် အပေါင်းတို့သည် ပါမောက္ခချုပ် ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရား နာယူကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံမှ ရေစက်သွန်းတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**နေ့ဆွမ်း ဆက်ကပ်လှူဒါန်း**

ယင်းနောက် "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို

*စာမျက်နှာ ၅ သို့*



**ဆက်ကပ်လှူဒါန်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၄ မှ*

ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနား အပြီးတွင် သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့် ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။

**စုစုပေါင်းလှူဒါန်းမှု**

ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ၂၀၂၄ ခုနှစ် ကထိန် သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၉ ပင်၊ တန်ဖိုးငွေကျပ် ၅၃၂၃၃၃၄၀ နှင့် လှူဒါန်းငွေကျပ် ၈၀၆၉၀၈၀၀ ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၁၃၃၉၂၄၁၄၀ ဖြစ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး ဆရာတော်အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး ဆရာတော်အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး ဆရာတော်အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး ဆရာတော်အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဆရာတော်အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဆရာတော်အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ဆရာတော်အား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း အမိနိုင်ငံတော်အတွက် စွမ်းဆောင်ကြိုးပမ်းခဲ့မှုနှင့် ပြည်သူတို့၏ လှိုက်လှဲစွာကြိုဆိုနေမှုမြင်ကွင်းပုံရိပ်များ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား (၈) ကြိမ်မြောက် မဟာမဲခေါင် ဒေသခွဲထိပ်သီးအစည်းအဝေး ကြိုဆိုညစာစားပွဲ အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချုံချင့်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၀) ကြိမ်မြောက် ဧရာဝတီ- ချောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Zhongyue Aviation UAV Firefighting-Drone Co.,Ltd. မှ ထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း အမိနိုင်ငံတော်အတွက် စွမ်းဆောင်ကြိုးပမ်းခဲ့မှုနှင့် ပြည်သူတို့၏ လှိုက်လှဲစွာကြိုဆိုနေမှုမြင်ကွင်းပုံရိပ်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှန်းကျန့်မြို့ရှိ Hytera Communications Corporation Limited တွင် ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် BYD မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီတွင် ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် တပ်မတော်လေဆိပ်၌ တရုတ်ရိုးရာ နဂါးနှင့်ခြင်္သေ့အကအဖွဲ့တို့ဖြင့် ဂုဏ်ပြုကြိုဆိုနေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် တပ်မတော်လေဆိပ်၌ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာ သောင်းသောင်းဖြဖြကြိုဆိုနေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် တိုင်းရင်းသားပြည်သူများက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဂုဏ်ပြုကြိုဆိုနေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် တပ်မတော်လေဆိပ်၌ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာ သောင်းသောင်းဖြဖြကြိုဆိုနေစဉ်။

# သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများ

ညိုမောင်

စာရေးသူလုပ်ငန်းခွင်မှ သက်ပြည့်ပင်စင်ယူခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုမျှ ကြာမြင့်ခဲ့ပါပြီ။ လျင်မြန်စွာ စီးဆင်းနေသော သတင်းခေတ်ကြီးထဲတွင် မျက်မှောက်ခေတ် ကမ္ဘာ့အရေး၊ နိုင်ငံ့အရေးများနှင့် မျက်ခြည်မပြတ်စေခြင်းငှာ သတင်းများကို နေ့စဉ်စားသုံးနေရပါသည်။

သတင်းများ စီးဆင်းပုံကလည်း အမျိုးမျိုးဖြစ်သည်။ လူမှုကွန်ရက်မီဒီယာများတွင် သတင်းများက အဆီးအတားမရှိ အရှိန်အဟုန်ပြင်းပြင်းဖြင့် စီးဆင်းနေကြသည်။ သို့သော် တာဝန်ယူမှု၊ တာဝန်ခံမှု ကင်းမဲ့နေတတ်သည်။ သတင်းများ၏ မှန်ကန်စိတ်ချရမှုတန်ဖိုးက အထိန်းအကွပ်မဲ့စွာ ပရမ်းပတာဖြစ်နေတတ်သည်။ တစ်ဖက်တွင် တရားဝင်ထုတ်ဝေနေသည့် ပုံနှိပ်မီဒီယာများရှိသည်။ သတင်းစီးဆင်းမှု အနည်းငယ်ကြန့်ကြာသည်ဟုထင်ရသော်လည်း ၎င်းတို့၏ အားသာချက်မှာ ရာနှုန်းပြည့်မှန်ကန်စိတ်ချရမှု ရှိခြင်းပင်ဖြစ်သည်။ အဆင့်ဆင့်သော နေရာဌာနတိုင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် သတင်းစစ်၊ သတင်းမှန်များကို ပြည်သူလူထုလက်ဝယ်သို့ ပို့ဆောင်ပေးနေကြခြင်းဖြစ်သည်။

**မှန်မှန်ကန်ကန်သုံးသပ်နိုင်ရန် အထောက်အပံ့ကောင်းများရရှိ**

စာရေးသူတို့အိမ်တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာ သုံးစောင်လုံး ယူထားသည်။ ဈေးနှုန်းများကလည်း သင့်တင့်မျှတသည်။ သတင်းစာ သုံးစောင်လုံးအတွက် တစ်လတာကျသင့်ငွေမှာ လက်ဖက်ရည်ဝိုင်းတစ်ဝိုင်းစာမျှသာရှိသည်။ ကျေနပ်စရာအကောင်းဆုံးမှာ စာရေးသူအဖို့ လက်ရှိဖြစ်ပျက်နေသော အခြေအနေများကို ခိုင်ခိုင်လုံလုံ၊ တိတိကျကျနှင့် မှန်မှန်ကန်ကန်သုံးသပ်နိုင်ရန်အတွက် အထောက်အပံ့ကောင်းများ ရရှိစေခြင်းပင်ဖြစ်သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၄ ရက်တွင် နိုင်ငံတော်အကြီးအကဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည့်အကြောင်း သတင်းစာသုံးစောင်လုံး၏



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ် - မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (၅-၁၁-၂၀၂၄ ရက်)

ရှေ့ဖုံးတွင် ထည့်သွင်းဖော်ပြထားသည်ကို ဖတ်လိုက်ရသည်။ သွားမည့်အကြောင်းအရာက သာမန်ချစ်ကြည်ရေးခရီးစဉ် သဘောမျိုးမဟုတ်။ နိုင်ငံတော်နှင့် ပြည်သူအတွက် ကြီးလေးသော တာဝန်ဝတ္တရားများပါသည်ကို တွေ့ရသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် ကြီးမားသော ဆောင်ရွက်ချက်များပါသည်ကို တွေ့ရသည်။

ခရီးစဉ်၏ အတိမ်အနက်ကို တွေးဆကြည့်မိရုံနှင့်ပင် ပင်စင်စားတစ်ဦးဖြစ်သော စာရေးသူစိတ်ထဲတွင် အမိနိုင်ငံကို တိုးတက်ဖြစ်ထွန်းစေချင်သော ဝန်ထမ်းကောင်းတစ်ယောက်၏ အားမာန်များ ပြန်လည်နိုးကြား တက်ကြွလာသည်အထိ ခံစားရမိသည်။

အမှန်တရားက ဖိနပ်စီးနေဆဲတွင် မုသားက ကမ္ဘာတစ်ပတ်ပတ်ခဲ့ပြီဆိုသည့် အတိုင်းပင် စာရေးသူတို့နိုင်ငံအပေါ် ဆန့်ကျင်ဘက် သဘောထားအမြင်ရှိသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် နိုင်ငံတချို့၏ မိုးလုံးပြည့်မုသာဝါဒလှိုင်းလုံးများမှာ ကြောက်ခမန်းလိလိပင် ဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် နိုင်ငံချစ်စိတ် ထက်သန်ပြင်းပြသော ပြည်သူတို့၏ လက်တွဲညီညီ ခုခံကာကွယ်နိုင်မှုများကြောင့်သာ ၎င်းတို့တစ်တွေ ထင်သလောက် ခရီးမပေါက်ကြခြင်းဖြစ်သည်။

**ပြည်ပခရီးစဉ်အပေါ်ကျေနပ်အားရ**

ဤသို့သော အခြေအနေမျိုးတွင် နိုင်ငံတော်အကြီးအကဲ၏ အနှစ်သာရပြည့်ဝသော ပြည်ပခရီးစဉ်အပေါ် ကျေနပ်အားရဖြစ်မိခြင်းမှာ နိုင်ငံနှင့် လူမျိုးအကျိုးကို လိုလားသော မည်သည့်နိုင်ငံသားမဆို စာရေးသူနှင့်ထပ်တူ ခံစားမိကြမည်သာ ဖြစ်သည်။

မြန်မာစကားပုံတွင် "သမင်ဆယ်လှမ်း ကျားတစ်လှမ်း"ဟု ဆိုရိုးရှိသည်။ နိုင်ငံတော် အကြီးအကဲ၏ နောက်ဆက်တွဲ ခရီးစဉ်သတင်းများကို စောင့်ကြည့်လေ့လာရင်း ထိုဆိုရိုးစကားကို စာရေးသူ သတိရမိသည်။ ဝန်ထမ်းဟောင်းတစ်ယောက်၊ ပြည်သူတစ်ယောက်အနေနှင့် နှစ်ထောင်းအားရရှိလှသောကြောင့်ဖြစ်သည်။

**ညှော်ခန်းဆောင်သာတွင် တန်းတူရည်တူ တွေ့ဆုံဆွေးနွေး**

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၅ ရက် နံနက်ပိုင်းတွင် ခရီးစဉ်ကို စတင်ထွက်ခွာကြသည်။ ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည့် သတင်းဓာတ်ပုံများကို မြင်ရသည်တွင် စာရေးသူစိတ်၌ အတွေးတစ်ရပ် ဖြစ်ပေါ်လာသည်။ မုသားက ကမ္ဘာတစ်ပတ်ခရီးပတ်ခဲ့သည်ဆိုသော်ငြား သူတကာတို့၏ အိမ်နောက်ဖေးမှ ကုပ်ချောင်းချောင်းပတ်ခဲ့ရခြင်းသာဖြစ်ပြီး အမှန်တရားသည်ကား အိမ်ရှေ့တံခါးမကြီးမှ ခံ့ခံ့ထည်ထည် ဝင်ရောက်၍ ညှော်ခန်းဆောင်သာတွင် တန်းတူရည်တူ တွေ့ဆုံဆွေးနွေးရခြင်းဖြစ်သည်ဆိုသော အကြောင်းခြင်းရာပင်ဖြစ်ပါ၏။

ဆန့်ကျင်ဘက် အဖွဲ့အစည်းများ၏ အပုပ်ချတွန်းတိုက်မှုများအပေါ် နိုင်ငံတော်အစိုးရ၏ လမ်းကြောင်းမှန်မှန်၊ ခြေလှမ်းမှန်မှန်ဖြင့် တည်ငြိမ်သော တုံ့ပြန်ဆောင်ရွက်နေမှုများမှာ "ပြစ်မရှိပြစ်ရှာ၊ လမင်းကို ခွေးဟောင်လို့၊ ရွှေလရောင်ပြောင် မပျက်တယ်၊ ထွန်းလျက်ပင်သာ၊ မြရွှေဂူပတ္တမြားကိုလ၊ ဝက်များက ပြူစူစွာ၊ ညွန်လူးကာတိုက်နဲ့၊ ပွတ်လေလေ၊ ဂူရွှေမှာ အရောင်ထွက်တယ်၊ ရှေးကထက်ကဲ" ဆိုသည့် မန်လည်ဆရာတော်ကြီး၏ ပတ္တမြားရွှေဂူကဗျာကိုပင် သတိရဖွယ်ဖြစ်သည်။

**ဦးစားပေးနယ်ပယ်ရှစ်ခုတွင် မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာပါဝင်**

နိုင်ငံတော်အကြီးအကဲသည် ခရီးရောက်မဆိုက်မှာပင် ကူမင်းမြို့ HUALUXE Kunming Hotel ဟိုတယ်၌ တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။ အမှာစကားပြောကြားရာတွင် တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (Global Development Initiatives-GDI) တွင် ပါဝင်သည့် ဦးစားပေးနယ်ပယ်ရှစ်ခုတွင် မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေသည့်အကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းများပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအရ တီထွင်ဆန်းသစ်မှုမှတစ်ဆင့် ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားတို့ကို အဓိကမြှင့်တင်သွားမည် ဖြစ်သည့်အကြောင်း သတင်းစကားပေးပို့ခဲ့ရာ နိုင်ငံတော်အကြီးအကဲ၏ စီးပွားရေးအမြင် ကျယ်ပြန့်နက်ရှိုင်းမှုနှင့် သိမ်မွေ့ညင်သာသော သံတမန်စွမ်းရည်ကို အထင်းသားတွေ့မြင်ခဲ့ရသည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့်ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ ထက်သန်တက်ကြွစွာ ပါဝင်ဆွေးနွေးကြမှုများကလည်း အားရဖွယ်ဖြစ်သည်။

နိုင်ငံတော် အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ တိုင်းကျိုး၊ ပြည်ကျိုး ရွက်သယ်ပိုးသည့်နေရာတွင် "စက္ကန့်လေးတွေ စိန်စီထားသည်" ဟု ဆိုရမတတ်ပင် အချိန်ကို တလေးတစား တန်ဖိုးထားကြပုံရသည်။ စာရေးသူမှာ သတင်းဆက်များကို တရှိုက်မက်မက် လိုက်လံဖတ်ရှုရင်း သူတို့တစ်တွေ၏ အချိန်ရှိခိုက် လုံ့လစိုက်ကြပုံများကို အံ့သြဘနန်းဖြစ်နေမိသည်။

*စာမျက်နှာ ၉ သို့*

○ **မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် နယ်စပ်တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိပုံနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှသာလျှင် သွင်းကုန်၊ ပို့ကုန်ကဏ္ဍကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး စီးပွားရေးအရ ကူးလူးဆက်သွယ်မှုများ ပိုမိုအကောင်အထည်ဖော်နိုင်မည်ဖြစ်သောကြောင့် နှစ်နိုင်ငံအကြား နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကို အတူတကွ ပူးပေါင်း၍ အရှိန်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang တို့ တွေ့ဆုံဆွေးနွေးစဉ်။(၆-၁၁-၂၀၂၄ ရက်)

*စာမျက်နှာ ၈ မှ*

ညနေပိုင်းရောက်ပြန်တော့ ကူမင်းမြို့ရှိ Haigeng Hotel ညှော့ခန်းမဆောင်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H.E.Mr.Wang Ning နှင့် တွေ့ဆုံဆွေးနွေးကြပြန်သည်။

မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် နယ်စပ်တည်ငြိမ် အေးချမ်းရေးကို အလေးထား ဆောင်ရွက်လျက်ရှိပုံနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှသာလျှင် သွင်းကုန်၊ ပို့ကုန်ကဏ္ဍကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး စီးပွားရေးအရ ကူးလူးဆက်သွယ်မှုများ ပိုမိုအကောင်အထည်ဖော်နိုင်မည်ဖြစ်သောကြောင့် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အတူတကွပူးပေါင်း၍ အရှိန်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြခြင်းဖြစ်သည်။

ဆွေးနွေးကြသည့် အကြောင်းအရာများ၌ စကားလုံးတစ်လုံးချင်းစီကပင် နိုင်ငံနှင့်လူမျိုးအတွက် မွန်မြတ်မှန်ကန်သော စိတ်စေတနာကောင်းများနှင့် လက်ငင်းဒိဋ္ဌအကျိုးတရားဖြစ်ထွန်းစေမှုများကို ဖော်ညွှန်းပေးနေသည်ဟု စာရေးသူ ခံစားမိသည်။

တစ်ချိန်သောအခါက တချို့သော ပုဂ္ဂိုလ်တို့သည် နိုင်ငံ့အကျိုးနှင့် နိုင်ငံ့အရေးတို့ထက် မိမိတို့ တစ်စုတစ်ဖွဲ့အကျိုးကိုသာ မျှော်ကိုး၍ စာရေးသူတို့နိုင်ငံအပေါ် မည်သို့မည်ပုံ ပိတ်ဆို့အရေးယူသင့်ကြောင်း၊ ငြိမ်းချမ်းရေးစာချုပ်များတွင် အလျှင်စလိုလက်မှတ်မထိုးသင့်ကြောင်းတို့ကို သဘောထားသေးသိမ်စွာ တွင်တွင်ဆိုခဲ့ကြသည်မဟုတ်လား။

**နိုင်ငံ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူ့အရေးကို အလေးထား**

ယခုခရီးစဉ်၌မူ ထိုသို့မဟုတ်လေပြီ။ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သောအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားပုံ၊ ပြောဆိုဆွေးနွေးနေပုံတို့မှာ နိုင်ငံ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူ့အရေးကို အလေးထားကြလေသဖြင့် မင်္ဂလာအပေါ် မင်္ဂလာဆင့်လျက် ကျေနပ်မဆုံးဖြစ်မိရသည်။ စာရေးသူမှာ နိုဝင်ဘာလ ၆ ရက်နေ့ထုတ်သတင်းစာများကို ကိုင်၍ မချင့်မရဲပင်ဖြစ်နေမိသည်။ လူငယ်များစကားကို ငှားသုံးရလျှင် နောက်ထပ်နောက်ထပ်သော တွေ့ဆုံဆွေးနွေးမှုများနှင့် သတင်းကောင်းများကို မစောင့်စားနိုင်အောင်ပင် ဖြစ်မိရပါ၏။

**တူညီသော မေတ္တာစာတ်ဖြင့် ဖေးမစောင့်ရှောက်**

နိုင်ငံတော် အကြီးအကဲဆိုသည်မှာ နိုင်ငံ၏ အမိအဖပင်ဖြစ်သည်။ အမိအဖဟူသည် မိမိတို့၏ သားသမီးများအပေါ် နီးသည် ဝေးသည်မရှိ တူညီသော မေတ္တာဓာတ်ဖြင့် ဖေးမစောင့်ရှောက်ကြသည်သာ ဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲသည် မအားလပ်သော လုပ်ငန်းတာဝန်များအကြား မှပင် နိုဝင်ဘာလ ၆ ရက် နံနက်ပိုင်းတွင် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမိသားစုများနှင့် ပညာတော်သင်ကျောင်းသားများကို ရင်းနှီးနွေးထွေးစွာ သွားရောက်တွေ့ဆုံခဲ့သည်။ ထို့အတူ နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမိသားစုများနှင့် ပညာတော်သင်ကျောင်းသားများကိုလည်း ရနိုင်သမျှ အချိန်ပေး၍ သွားရောက်တွေ့ဆုံခဲ့သည်။ အကြီးအကဲ တစ်ယောက်၏ မိမိတပည့်သားမြေးများအပေါ်ထားရှိသည့် အကြား အလပ်မရှိသော ချစ်ခြင်းမေတ္တာကို ပြသလိုက်ခြင်းပင်ဖြစ်သည်။ ရေခြားမြေခြား ရောက်နေသည့်တိုင် ရနိုင်သမျှသော အချိန်ကလေးမှာပင် အပင်ပန်းခံ၍ ကြည့်ရှုစောင့်ရှောက်ပေးခြင်းဖြစ်သည်။ ထိုတပည့်သားမြေးတို့၏ တင်ပြချက်များကို အရေးတယူ နားစွင့်၍ နွေးထွေးကြင်နာစွာ အားပေးစကားဆိုခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း ဖြစ်သည်။

**တန်ဖိုးရှိသော လူ့စွမ်းအား အရင်းအမြစ်များကိုရင်းနှီးမြှုပ်နှံ**

နိုင်ငံတော် အကြီးအကဲအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အလေးထားစဉ်းစားတွေးခေါ် ဆောင်ရွက်နေသည်ကို အစည်းအဝေးများ၊ ခရီးစဉ်တွေ့ဆုံပွဲများမှ ပြောကြားချက်များမှတစ်ဆင့် စာရေးသူ မကြာခဏမြင်တွေ့ကြားသိနေရသည်။ နိုင်ငံရပ်ခြားသို့ပညာတော်သင်များ စေလွှတ်ခြင်းမှာ တန်ဖိုးရှိသော လူ့စွမ်းအားအရင်းအမြစ်များကို ရင်းနှီးမြှုပ်နှံ ပြုစုပျိုးထောင်ပေးနေခြင်းပင် ဖြစ်ပါ၏။ နိုင်ငံတော်အကြီးအကဲသည် ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်များကို နာယကဂုဏ်ခြောက်ပါးလာ "ဒယာ" တည်းဟူသော သနားချစ်ခင်ကြင်နာခြင်းတို့ဖြင့် လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ကိုယ်တိုင်ကိုယ်ကျ ချီးမြှင့်ပေးအပ်လေသည်။ အကြီးအကဲကိုယ်တိုင်က လုံ့လဥဿာဟစိုက်ထုတ်၍ အလေးထားချီးမြှင့်ခြင်းဖြစ်သဖြင့် တပည့်သားမြေးတို့အဖို့ ရေခြားမြေခြား၌ စိတ်ဓာတ်ခွန်အားများ မြင့်မားတိုးတက်လာကြမည်မှာ ဧကန်ဖြစ်သည်။


**သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများ**

နိုင်ငံတော်အကြီးအကဲ၏ လုပ်ငန်းစဉ် အချိန်ဇယားမှာ အကြားအလပ်မရှိပါလေစ။ ဌာနတစ်ခုတွင် အရာထမ်းတစ်ဦးဖြစ်ခဲ့ဖူးသော စာရေးသူ ကိုယ်ချင်းစာမိပါ၏။ အစိတ်အပိုင်းငယ်မျှဖြစ်သော ဌာနတစ်ခု၏ တာဝန်သည်ပင် လွယ်ကူလှသည် မဟုတ်ရာ ကြီးလေးသောနိုင်ငံ့တာဝန်များကို ဦးထိပ်ရွက်ထားရသူအဖို့ ဆိုဖွယ်ရာရှိမည်မထင်။ သို့သော် သတင်းဓာတ်ပုံများကို ကြည့်ရသည်မှာ သက်ဝင်ရှင်သန်လွန်းလှသည်။ ခေါင်းဆောင်၏ အပြုံးမှာ ကြည်လင်သည်။ လန်းဆန်းသည်။ မောပန်းသည် မရှိ။ ရွှင်လန်းမြဲရွှင်လန်းလျက်ရှိသည်ကို တွေ့ရပါ၏။ ခေါင်းဆောင်၏ ခြေလှမ်းတို့မှာ အားမာန်ပါ၏။ တက်ကြွနေ၏။ ရှေ့ဆုံးမှ မားမားမတ်မတ် ဦးတည်လျှောက်လှမ်းနေသော ထိုခြေလှမ်းတို့မှာ သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများပင် ဖြစ်ပါ၏။ ထိုနေ့နံနက်ပိုင်းမှာပင် ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်တို့နှင့် သီးခြားစီ တွေ့ဆုံ၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ နိုင်ငံတော်အကြီးအကဲမှာ မောသည် ပန်းသည် မရှိ၊ အစည်းအဝေးများ၊ တွေ့ဆုံဆွေးနွေးမှုများကို တစ်ပွဲပြီးတစ်ပွဲ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။

ထိုနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သောအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့မှာ Haigeng Garden Hotel တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E.Mr.Li Qiang နှင့် အဖွဲ့ကို လက်ခံတွေ့ဆုံကြသည်။

နှစ်နိုင်ငံ ခေါင်းဆောင်များ၏ ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ အပြုသဘောဆောင်သော ဆွေးနွေးချက်များမှာ နိုင်ငံနှင့်လူမျိုးအတွက် ကျေနပ်အားရဖွယ်ပင်ဖြစ်သည်။ အချုပ်အခြာအာဏာ ခိုင်ခံ့တည်မြဲရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့အတွက် အပြန်အလှန်ကတိကဝတ်များနှင့် အားပေးထောက်ခံရပ်တည်မှုများမှာ သမနိရှည်ကြာခဲ့ပြီဖြစ်သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၏ အနှစ်သာရကို ထပ်လောင်း၍ အဓိပ္ပာယ်ပြည့်ဝ လေးနက်စေခဲ့သည်သာဖြစ်ပါ၏။ ထိုတွေ့ဆုံပွဲတွင် ကဏ္ဍစုံအတွက် နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်ခုနစ်ခုကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ကြသည်။

*စာမျက်နှာ ၁၀ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့်ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး H.E. Mr. Wang Ning တို့ တွေ့ဆုံဆွေးနွေးစဉ်။(၅-၁၁-၂၀၂၄ ရက်)

*စာမျက်နှာ ၉ မှ*

နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်မှာ နိုင်ငံတော်နှင့်ပြည်သူအတွက် ကြီးလေးသောတာဝန်ဝတ္တရားများနှင့် တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် ကြီးမားသောဆောင်ရွက်ချက်များပါသည်ကို တွေ့ရှိရကြောင်း အထက်တွင် စာရေးသူဆိုခဲ့ပါသည်။ မှန်ပါ၏။ ထိပ်သီးအစည်းအဝေးကြီးများဖြစ်သော အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ ပါဝင်တက်ရောက်ရန်ပင် ဖြစ်သည်။

ထိုအစည်းအဝေးကြီးများ၏ အရေးပါအရာရောက်မှုကိုသိရှိနိုင်ရန် စာရေးသူအကျဉ်းမျှတင်ပြလိုပါသည်။ မဟာမဲခေါင်ဒေသခွဲမှာ အင်ဒိုချိုင်းနားကျွန်းဆွယ်တွင်တည်ရှိပြီး မဲခေါင်မြစ်၏ နိုင်ငံဖြတ်ကျော်ဒေသတစ်ခုဟု ဆိုရပါမည်။ အာရှတွင်း ခြောက်နိုင်ငံဖြစ်သည့် လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့ပါဝင်ပြီး တစ်နိုင်ငံချင်းစီအလိုက် အမျိုးသားအကျိုးစီးပွား ခိုင်မာအားကောင်းစေရန် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကဏ္ဍ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ အခြားကဏ္ဍပေါင်းစုံနှင့် နယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန်များဆိုသည့် ကဏ္ဍအသွယ်သွယ်တွင် လုပ်ငန်းများအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။

**အရှိန်အဟုန်ပြင်းစွာ**
**ရှေ့သို့ချီတက်လျက်ရှိ**

နောက်ထပ်အစည်းအဝေးတစ်ခုမှာ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအဖြစ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြသည်။ အတိတ်နှင့် ပစ္စုပ္ပန်ကာလမှ ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲဖြစ်သော အကြောင်းခြင်းရာများနှင့် အနာဂတ်မျှော်မှန်းချက်များကို ထောက်ချင့်၍ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အဖွဲ့ကြီးသည် အပြန်အလှန်လေးစားယုံကြည်မှု၊ စာနာနားလည်မှု၊ ညီတူညီမျှအကျိုးစီးပွားဖြစ်ထွန်းလိုမှုတို့ဖြင့် အရှိန်အဟုန်ပြင်းစွာ ရှေ့သို့ချီတက်လျက်ရှိသည်ဟု စာရေးသူ မမိုတ်မသုန်ယုံကြည်ပါ၏။

နောက်ဆုံးတစ်ခုမှာ ကမ္ဘောဒီးယား-လာအို- မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးဖြစ်သည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူစေခြင်းနှင့် တိုးမြှင့်ပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ စက်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ကဏ္ဍကြီးရှစ်ရပ်တွင် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ စာရေးသူတို့နိုင်ငံက စိုက်ပျိုးရေး၊ စွမ်းအင်နှင့် စက်မှုကဏ္ဍတို့တွင် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

သည်မျှဆိုလျှင် စားနပ်ရိက္ခာ ဖူလုံရေး၊ သာယာဝပြောရေးနှင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ရေးအတွက် ထိပ်သီးအစည်းအဝေးကြီးများ၏ အကျိုးသက်ရောက်မှုနှင့် အရေးပါအရာရောက်မှုတို့ကို ဆဝါးနိုင်ကြလိမ့်မည်ထင်ပါသည်။ ထို့ကြောင့်သာလျှင် နိုင်ငံတော်အကြီးအကဲအနေဖြင့် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးကုတ်အားထုတ်နေခြင်းဖြစ်ပါလိမ့်မည်။ အားမာန်ပြည့်ဝသောခြေလှမ်းတို့ဖြင့် မယိမ်းမယိုင်တည့်မတ်မှန်ကန်စွာ လျှောက်လှမ်းနေခြင်းဖြစ်ပါလိမ့်မည်။

နိုဝင်ဘာလ ၈ ရက်ထုတ် သတင်းစာများကို ဖတ်ရသည်မှာ ရွှင်လန်းတက်ကြွဖွယ်အတိပင်။ စာရေးသူမှာ ပီတိဖုံးလွှမ်းသဖြင့် ပြုံးပန်းတဝေဝေဖြစ်နေရသည်။ နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ဖော်ပြပါ ထိပ်သီးအစည်းအဝေးကြီး သုံးရပ်စလုံးတွင် ပါဝင်တက်ရောက်ခဲ့ရုံမျှမက နိုင်ငံနှင့်လူမျိုးအကျိုးကို ဖော်ဆောင်နိုင်မည့် ဆွေးနွေးချက်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သောကြောင့်ပင်ဖြစ်ပါ၏။ နိုင်ငံတော်အကြီးအကဲ၏ အားကြိုးမာန်တက် မနားမနေ ဆောင်ရွက်ချက်များကို နှစ်ထောင်းအားရဖွယ် တစ်ဝကြီးဖတ်လိုက်ရသည်။

အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် ကူမင်းမြို့ရှိ ဟိုင်ဂန်ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပသည်။ နိုင်ငံတော်အကြီးအကဲမှာ အခြားသော နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ လန်းဆန်းတက်ကြွသော ခြေလှမ်းများဖြင့် ဝင်ရောက်လာသည်။ အိမ်ရှင်ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်ကလည်း လှိုက်လှဲနွေးထွေးစွာ ခရီးဦးကြိုပြုသည်ကို တွေ့ရပါ၏။

**စားနပ်ရိက္ခာဖူလုံရန် ဆန်းသစ်**
**တီထွင်မှုနှင့် အရှိန်မြှင့်တင်ရမည်**

စာရေးသူမှာ သတင်းစာကိုလက်က ကိုင်ထားလျက်မှပင် ပညာရဲရင့်ပွဲလယ် တင့်စွာ ဆွေးနွေးပြောကြားနေသော နိုင်ငံတော်အကြီးအကဲများ၏ စကားသံများကို နားနှင့်ဆတ်ဆတ် ကြားနေရဘိသို့ ခံစားရသည်။ ဒေသခွဲအတွင်း ကုန်ထုတ်စွမ်းအားမြှင့်တင်မှု၊ နည်းပညာတိုးတက်မှု၊ စက်မှုလုပ်ငန်းသစ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုတို့အတွက် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုမှာ အဓိကမောင်းနှင်အားဖြစ်ကြောင်း စိတ်ခတ်တက်ကြွဖွယ်ကြားသိရသည်။ စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံများနှင့် ဖွဲ့စည်းထားသည့် မဟာမဲခေါင်ဒေသခွဲအနေဖြင့် စိုက်ပျိုးစီးပွား ပိုမိုတိုးတက်ထွန်းကားလာရန်နှင့် စားနပ်ရိက္ခာဖူလုံရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် အရှိန်မြှင့်တင်ရမည်ဖြစ်သည့်အကြောင်း၊ တစ်ချိန်တည်းမှာပင် တီထွင်ဆန်းသစ်မှုများက မိမိနိုင်ငံ၏ ရေမြေသဘာဝ၊ ပထဝီအနေအထားများနှင့် ကိုက်ညီရန်လိုအပ်ပြီး အစိုးရ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကနှင့် ဒေသန္တရအစိုးရများအပြင် အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ စွန့်ဦးတီထွင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်သည့်အကြောင်းများကို ကျယ်ပြန့်နက်ရှိုင်းသောအမြင်၊ လက်တွေ့ကျသော ချဉ်းကပ်မှုတို့ဖြင့် အလေးအနက်ထား ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု၊ စီးပွားရေးစင်္ကြံများဖွံ့ဖြိုးမှု၊ ရာသီဥတုပြောင်းလဲမှု၊ စားရေရိက္ခာဖူလုံမှု၊ သဘာဝဘေးအန္တရာယ်၊ ရွှေ့ပြောင်းလုပ်သားများနှင့် စီးပွားရေးမညီမျှမှု စသည့်စိန်ခေါ်ချက်များအတွက်လည်း ညှိနှိုင်းပေါင်းစပ်မှုနှင့် ဘက်စုံချဉ်းကပ်ရမည့် နည်းလမ်းများကို ကလျာဏမိတ္တတို့၏ထားရှိအပ်သော စိတ်စေတနာကောင်းများဖြင့် အကျယ်တဝင့် ဆွေးနွေးပြောကြားသည်ကို ပြည့်ပြည့်စုံစုံဖတ်ခွင့်ရလိုက်သည်။

**အမိနိုင်ငံတော်နှင့်**
**ပြည်သူ့အကျိုးအတွက်**

(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို- မြန်မာ -ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးကို ထိုနေ့မွန်းလွဲပိုင်းမှာပင် ဆက်လက်ကျင်းပသည်။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ပင်ပန်းနွမ်းနယ်နေသော အရိပ်အယောင်မျှမတွေ့ရ။ ကမ္ဘာ့နိုင်ငံရေးစင်မြင့်ထက်တွင် အခြားသော ဆွေးနွေးဖက်များနှင့်အတူ တက်ကြွဖျတ်လတ်စွာပါဝင်လျက်ရှိသည်။ သူတို့၏ အတွေးအာရုံထဲတွင် အမိနိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက်ဟူသည့် တစ်ကြောင်းတည်းသော ရည်မှန်းချက်ကသာလျှင် အပြည့်အဝ နေရာယူထားကြပုံရသည်။ လှုပ်ရှားဆောင်ရွက်မှုတိုင်းသည် ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ။ ပါဝင်ဆွေးနွေးမှုတိုင်းသည် တည်တည်ကြည်ကြည်လေးလေးနက်နက်။ သတင်းစာ ဖတ်ရင်းမှ မဝေးတော့သောအနာဂတ်အတွက် တောက်ပသောလင်းရောင်ခြည်တန်းများကို စာရေးသူ မြင်ယောင်ခံစားနေမိသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်အကြီးအကဲက လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးရှုပ်ထွေးမှု၊ နိုင်ငံတကာပဋိပက္ခ၊ စီးပွားရေးကျဆင်းမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်မလုံလောက်မှု စသည်တို့အကြားတွင် မိမိတို့သည် ကြံ့ကြံ့ခံနိုင်စွမ်း ရှိရမည်ဖြစ်ကြောင်း စိတ်ခတ်ခွန်အားဖြစ်စေသောစကားကို ဆိုခဲ့သည်။ ဦးတည်ဆွေးနွေးကြမည့် "ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့" ဆိုသော ခေါင်းစဉ်နှင့် အင်မတန်ကိုက်ညီဆီလျော်မှုရှိသည်။ အဖွဲ့ဝင်နိုင်ငံများအကြား ဒေသတွင်း ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ပေါင်းစည်းထားသည့် အသိုက်အဝန်းတစ်ခု ဖန်တီးရန်အတွက် အားသွန်ခွန်စိုက် အတူတကွကြိုးပမ်းလျက်ရှိပုံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများ လျော့ပါးစေရန်၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု မြင့်မားစေရေး ခရီးသွားလုပ်ငန်းများ မြင့်မားစေရန်၊ စီးပွားရေးစင်္ကြံများ ချိတ်ဆက်ရန်၊ အထူးစီးပွားရေးဇုန်များမှ တစ်ဆင့် နည်းပညာဆိုင်ရာ အဆောက်အအုံများ၊ စက်မှုအဆောက်အအုံများ အဆင့်မြှင့်တင်ရန် စသည့်အချက်များကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးသည်။

ပညာသင်ဆုပေးအပ်ခြင်းနှင့် အတွေ့အကြုံဖလှယ်ရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်သွားသင့်ကြောင်း အကြံပြုဆွေးနွေးသွားသည်မှာ နိုင်ငံတော်အကြီးအကဲ၏ မတူကွဲပြားမှုများကို ပေါင်းစည်းညီညွတ်စေလိုသည့် မေတ္တာစိတ်ကြီးမားသော စိတ်နေစိတ်ထားတစ်ရပ်ကို စာရေးသူ ထိတွေ့ခံစားလိုက်မိပါသည်။

အချိန်ဟူသည် ရပ်တန့်နေသည်ဟူ၍ မရှိစကောင်း။ ထို့အတူပင် တာဝန်သိသိ၊ တာဝန်ရှိရှိ လုပ်ကိုင်ဆောင်ရွက်နေကြသူတို့သည်လည်း ထိုအချိန်တို့နှင့်အတူပင် မရပ်မနား ခရီးနှင်လျက်ရှိကြပါ၏။ ထိပ်သီးအစည်းအဝေးကြီးများမှာ ကိုယ်စားပြုသော နယ်ပယ်ကဏ္ဍများ ကျယ်ပြန့်သလောက် ထမ်းဆောင်ရသော တာဝန်ဝတ္တရားများမှာလည်း ကြီးမားလှပါ၏။ သို့သော် သူတို့ခြေလှမ်းများမှာ ဖြောင့်မတ်ကြံ့ခိုင်မယိမ်းမယိုင်ရှိနေကြ၏။

ကူမင်းမြို့ရှိ Wyndham Grand Hotel တွင် *စာမျက်နှာ ၁၁ သို့*

❑ **ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ အပြုသဘောဆောင်သော ဆွေးနွေးချက်များမှာ နိုင်ငံနှင့် လူမျိုးအတွက် ကျေနပ်အားရဖွယ်ပင်ဖြစ်သည်။ အချုပ်အခြာအာဏာ ခိုင်ခံ့တည်မြဲရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့အတွက် အပြန်အလှန်ကတိကဝတ်များနှင့် အားပေးထောက်ခံရပ်တည်မှုများမှာ သမနိုရှည်ကြာခဲ့ပြီဖြစ်သည့် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေး၏ အနှစ်သာရကို ထပ်လောင်း၍ အဓိပ္ပာယ်ပြည့်ဝ လေးနက်စေခဲ့သည် သာဖြစ်ပါ၏။ ထိုတွေ့ဆုံပွဲတွင် ကဏ္ဍစုံအတွက် နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်ခုနစ်ခုကို အောင်မြင်စွာချုပ်ဆိုနိုင်**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၏ နိုင်ငံ့ခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (၇-၁၁-၂၀၂၄ ရက်)**

*စာမျက်နှာ ၁၀ မှ*

(၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်အကြီးအကဲက အပြန်အလှန်ချိတ်ဆက်ထားသည့် သယ်ယူပို့ဆောင်ရေး ကွန်ရက်စနစ်သည် အက်မက်စ်ဒေသကို ဖွံ့ဖြိုးတိုးတက်မှုဗဟိုချက်မအဖြစ်ဖန်တီးရန် အခြေခံအုတ်မြစ်ဖြစ်သည့်အကြောင်း၊ ဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ် ဖော်ဆောင်သင့်သည့်အကြောင်းတို့မှသည် အက်မက်စ်ဒေသ တစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် ဆွေးနွေးမှုများကို ဖတ်လိုက်ရသည်မှာ ဆေးစွမ်းကောင်းတစ်လက် မှီဝဲလိုက်ရသည့်နယ် စာရေးသူအဖို့ အားအင်အသစ်များ ဖြစ်ထွန်းလာရသည်။ မိမိနိုင်ငံကို ကိုယ်စားပြုသည့် အကြီးအကဲတစ်ဦးက ကမ္ဘာ့မျက်နှာစာတွင် နိုင်ငံနှင့်ချီသည့် အတ္တ-ပရမ္မတသော အကျိုးရလဒ်များကို ရည်ညွှန်းဖော်ဆောင်ပေးနေသည် မဟုတ်ပါလား။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရိုးရှင်းတိကျခိုင်မာစေခြင်းဖြင့် ဒေသတွင်းစီးပွားရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းအပေါ် သိသာထင်ရှားစွာ အကျိုးပြုစေမည့်အကြောင်း ပွင့်လင်းမြင်သာစွာ ဆွေးနွေးသွားသည်။ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်နိုင်ငံများကိုလည်း မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် လိုက်လံရင်းနှီးစွာ ဖိတ်မန္တကပြုခဲ့သည်။

ဆွေးနွေးမှုများအပြီးတွင် လာအိုနိုင်ငံဝန်ကြီးချုပ်က စာရေးသူတို့ နိုင်ငံတော်အကြီးအကဲအား အလှည့်ကျဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်သည်။ နိုင်ငံတော်အကြီးအကဲက ဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များမှ ရရှိသည့် အကျိုးကျေးဇူးများကို အဖွဲ့ဝင်နိုင်ငံများအားလုံး ရရှိခံစားနိုင်စေရန် ယခင်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်သလို အခြေခံကျသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများရေးဆွဲပြီး ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်သည့်အကြောင်း အဖွဲ့ဝင်နိုင်ငံများသို့ အမှာစကားပါးသည်။ မှန်ပါသည်။ လူတစ်ဦးတစ်ယောက်ပင်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံပင်ဖြစ်စေ တသီးတခြားထီးတည်း ရပ်တည်နေ၍မရပါ။ သို့သော် အများနှင့် ပေါင်းစည်းဆောင်ရွက်ရမည်ဆိုသော်လည်း တစ်ဖက်စောင်းနင်းဆက်ဆံရေးမျိုးဖြစ်၍တော့ဖြင့်မရပါ။ တစ်ဦးအကျိုးကို တစ်ဦးကလိုလားသည့် ဘက်ညီမျှတသော တွဲဖက်နေထိုင်ခြင်းမျိုးကသာလျှင် အရှည်သဖြင့် ချမ်းသာသုခကို ဆောင်နိုင်ပါလိမ့်မည်။ အတ္တမသန်၊ ရန်မာန်မကြီး၊ အစည်းမပြေရှိကြလေမှ ခိုင်မာသောအင်အားကို တည်ဆောက်နိုင်ပါလိမ့်မည်။

နိုဝင်ဘာလ ၈ ရက် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ခွဲခြား၍မရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများပီပီ တစ်နိုင်ငံ၏အရေးကိစ္စသည် တစ်နိုင်ငံအပေါ် သက်ရောက်မှုရှိသည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ သည့်နောက်တွင် နှစ်နိုင်ငံနယ်စပ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးမှသည် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး၊ အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး၊ နယ်စပ်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေတို့ အလယ်လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများအထိ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထိုနေ့ ညနေပိုင်းတွင် Yuzhou Hotel ဧည့်ခန်းမဆောင်၌ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့် ဆက်လက်တွေ့ဆုံဆွေးနွေးသည်။ နိုင်ငံတော်အကြီးအကဲနှင့် ပါတီကော်မတီအတွင်းရေးမှူးတို့သည် မြန်မာ-ချုံချင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလမ်းစများ၊ ချုံချင့်မြို့နယ်အနေဖြင့် နည်းပညာအားသာချက်၊ လမ်းပန်းဆက်သွယ်မှု အချက်အချာအားသာချက်များအပေါ်မူတည်၍ မြန်မာနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုဖလှယ်ခြင်းများ၊ ပညာရေးနှင့် ခရီးသွားကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲသည် ခရီးစဉ်တစ်လျှောက် ထိပ်သီးအစည်းအဝေးများတွင်သာမက တွေ့ဆုံခွင့်တွေ့ဆုံထိုက်သည့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆွေးနွေးဖက်များနှင့်လည်း အခွင့်အလမ်းများစွာ ပေါ်ပေါက်လာစေသည်အထိ စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်နေသည်ကို စာရေးသူ သတိပြုမိပါ၏။

နိုင်ငံတော် အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည် တန်ဖိုးနှင့် အလုပ်ပြီးမြောက်မှုနှုန်းမှာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အနမတဂ္ဂပင် ဖြစ်သည်ဟု ဆိုရပါမည်။ မိမိနိုင်ငံတော်၊ မိမိနိုင်ငံသားများနှင့် အိမ်နီးချင်းမိတ်ဖက်နိုင်ငံများတည်းဟူသော မျက်နှာစာသုံးရပ်အတွက် မျှတညီညွတ်သော အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်ခဲ့ကြသည်။ ကမ္ဘာ့စင်မြင့်ထက်တွင် မိတ်ကောင်းဆွေကောင်းတို့၏ တန်ဖိုးကြီးမားသော ဂုဏ်အင်္ဂါရပ်များကို သက်သေ စိုက်ထူနိုင်ခဲ့ကြပါသည်။ ဥပဒေသဆန်ဆန်ပြောရလျှင် win-win situation ဟုပင်ဆိုရမည်ဖြစ်သည်။

သည်နေရာတွင် သားလည်းအသက်ရှင်၊ မိဘနှစ်ပါးလည်း မျက်စိနှစ်ကွင်းအလင်းရ၊ ရွှေအိုးကိုလည်း ထမ်းလာနိုင်သည့် သုဝဏ္ဏသာမဇာတ်တော်လာအဖွဲ့ကို စာရေးသူသတိရမိသည်။ မည်သည့်နှောင်ဖွဲ့မှုမျှမပါသော အသွေးအရောင်ကင်းသည့် သာမန်ပြည်သူတစ်ဦး၊ အငြိမ်းစားဝန်ထမ်းတစ်ဦး၏ အမြင်ကိုဆိုရပါမူ နိုင်ငံတော်အကြီးအကဲ၏ ယခုခရီးစဉ်မှာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးကျေးဇူးများစွာကို လက်တွေ့ကျကျ ဆောင်ကြဉ်းပေးနိုင်ခဲ့သည့် သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများဟု ဆိုလိုက်ချင်ပါသည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ပြည်တော်ပြန်ခရီးကို တာဝန်ရှိပုဂ္ဂိုလ်များသာမက တိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက ပါ သောင်းသောင်းဖြဖြ လိုက်လံနွေးထွေးစွာ ဂုဏ်ပြုကြိုဆိုနေကြသည့် မြင်ကွင်းမှာ ချစ်ကြည်ရင်းနှီးမှု စည်းလုံးညီညွတ်မှုနှင့် အေးအတူပူအမျှ တစ်သားတည်းဖြစ်သော ခံစားမှုတို့ကို နွေးထွေးစွာ ခံစားရစေပါသည်။ တရုတ်-မြန်မာ ချစ်ကြည်ရေး၊ အမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အကြီးအကဲအပေါ် ဆုမွန်ကောင်းတောင်း၍ ကောင်းချီး ထောမနာပြုကြသည့် ကြွေးကြော်သံများမှာ ကြက်သီးမွေးညင်း ထလောက်ပါပေသည်။

ဤသို့ပမာပင် ကြွားဝင့်သွေးကြွာ တက်နေပမာညီညာဆောင်ထမ်းကြလျှင်ဖြင့် ငွားစွင့်ဝေဆာ ကျက်သရေဖြာပြည်သာအောင်ပန်းလှတော့မည် ဆိုသည့်အကြောင်း ခိုင်မာသောယုံကြည်ချက်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဆွေမျိုးပေါက်ဖော် ရှေ့ခရီး

❖ အိမ်နီးနားချင်း၊ ချစ်ကြည်ခြင်းသည်
ကောင်းခြင်းဖြာဖြာ မင်္ဂလာတည့်။
❖ ရပ်နီးနားချင်း၊ ဖေးကူခြင်းသည်
ရင်းနှီးချစ်ခင်၊ သံယောဇဉ်ကို
ထင်ရှားပြသ နေသည်တကား။
❖ အိမ်ရှေ့ အိမ်နောက်
အိမ်အောက် အိမ်ပေါ်
တိုင်ပင်ဖော်ဟု၊ ယုံကြည်မှုဖြင့်
လူမှုအရေး၊ စီးပွားရေးနှင့်
ပြည့်ရေးပြည့်ရာ၊ အဖြာဖြာကို
သူ့ ငါ ကောင်းကျိုး၊ ဆထက် တိုးအောင်
ကြိုးပမ်းဆောင်မြန်း၊ အခန်းခန်းလျှင်
ရွှင်လန်းကြည်နူးဖွယ်တကား။
❖ ဩော် အတိအတော၊ ရှေးပဝေမ
မသွေခုတိုင်၊ မယိမ်းယိုင်ဘဲ
ခိုင်မြဲချိတ်ဆက်၊ ပေါင်းစုလက်ဖြင့်
နှစ်ဖက်ပြည်ထောင်၊ ပြည်ကျိုးဆောင်မည်
အောင်မည်ခံယူ မုချတည်း။
ဆွေမျိုးပေါက်ဖော် ရှေ့ခရီး ။ ။

မျိုးမြတ်မြတ်မြင့်မောင်

## ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အစိုးရ နည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများအားလုံးကို ၂၁-၁၁-၂၀၂၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

## တန့်ယန်းမြို့နယ် နောင်မို(ရှမ်း) ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်း

တန့်ယန်း နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နားကော်ကျေးရွာအုပ်စု နောင်မို(ရှမ်း) ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် ဝန်ထမ်းများက နိုဝင်ဘာ ၁၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ ထုခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၅ သိန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၈၅ သိန်းကို အသုံးပြု၍ ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

၂၂၂

## သမဝါယမအသင်းများအား ခြောက်လချုပ်၊ နှစ်ချုပ် စာရင်းစစ်ဆေးခြင်း ဆောင်ရွက်ရာတွင် သိရှိလိုက်နာရန်အချက်များ ဆွေးနွေးပို့ချခြင်းသင်တန်းဖွင့်

ပဲခူး နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီးအတွင်း သမဝါယမအသင်းများအား ခြောက်လချုပ်၊ နှစ်ချုပ်စာရင်းစစ်ဆေးခြင်း ဆောင်ရွက်ရာတွင် သိရှိလိုက်နာရန် အချက်များအား ဆွေးနွေးပို့ချခြင်း သင်တန်းဖွင့်ပွဲကို တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၌ ကျင်းပရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မြင့်ဝင်းကြည်နှင့် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်မွှေး (သင်တန်းနည်းပြ)၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ မြို့နယ်သမဝါယမ ဦးစီးဌာနများမှ ဦးစီးအရာရှိများ၊ မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌများ၊ သင်တန်းသား သင်တန်းသူများက (Inperson)ဖြင့် တက်ရောက်ကြပြီး တိုင်းဒေသကြီး (အနောက်ခြမ်း)ရှိ မြို့နယ်သမဝါယမဦးစီးဌာနများမှ ဦးစီးအရာရှိများ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌများ၊ သင်တန်းသား သင်တန်းသူများက Online စနစ်ဖြင့် တက်ရောက်ကြသည်။

သင်တန်းတွင် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မြင့်ဝင်းကြည်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ သင်တန်းကိုသင်တန်းသား သင်တန်းသူ ၅၆ ဦးဖြင့် နိုဝင်ဘာ ၈ မှ ၁၀ ရက်ထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၏ တရုတ်နိုင်ငံခရီးစဉ်တွင် နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ပြီး (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို– မြန်မာ– ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေး ကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စွမ်းစွမ်းတမံကြိုးပမ်း ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်နိုင်ခဲ့ခြင်းတို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သော ကောင်းမွန်သည့် ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မြန်မာနိုင်ငံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာ– တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားအသင်းအဖွဲ့များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)၊ လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့ (ယာယီ)၊ မြန်မာနိုင်ငံ ဇေံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးတို့မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို– မြန်မာ– ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ–ချောက်ဖရား–မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူခြင်းတို့အတွက် မြန်မာ–တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ–တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း

## လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၏ ဝမ်းမြောက်ဂုဏ်ယူကြောင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က တက်ရောက်ဆွေးနွေးသည်။

အဆိုပါ ခရီးစဉ်တွင် မြန်မာနိုင်ငံကြီးဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးလုပ်ငန်း စီမံကိန်းများ ရေးဆွဲနိုင်ခဲ့ခြင်းအပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံ၍ အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိအောင် ဆွေးနွေးနိုင်ခဲ့မှုအပေါ် လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့ (ယာယီ)က လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)

## တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားအသင်းအဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီး အစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ–ချောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူခြင်းတို့အတွက် တရုတ်နွယ်ဖွား မြန်မာနိုင်ငံသား အသင်းအဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားအသင်းအဖွဲ့များကိုယ်စား
မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်
ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း
ဟုတ်ကြန့် (ဖူကင်)တရုတ်အမျိုးသားအသင်း
ကောင်းတုံကုန်သည်နှင့် လုပ်ငန်းရှင်များအသင်း

## မြန်မာနိုင်ငံ ဇေံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

(၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို – မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ခဲ့ပြီး ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ –ချောက်ဖရား– မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ခဲ့ခြင်းတို့အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဇေံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ချောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူနိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းတို့အတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) က အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့ပြီး (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ – ချောက်ဖရား – မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား – လာအို– မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခြင်း၊ ဧရာဝတီ – ချောက်ဖရား– မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူခြင်းတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်
(အောက်မြန်မာပြည်)

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများကို တက်ရောက်၍ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင်ဆွေးနွေးနိုင်ခဲ့ပါသည်။

ထို့ပြင် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်မှုပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ - ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေးနိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူခြင်း၊ မြန်မာနိုင်ငံသို့ စီးပွားရေးလုပ်ငန်းရှင်များမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် ဖိတ်ခေါ်နိုင်ခဲ့ခြင်းနှင့် မြန်မာနိုင်ငံအတွက် အကျိုးရှိမည့် စီမံကိန်းများ ဖော်ဆောင်နိုင်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၈)ကြိမ် မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့်(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအားရယူနိုင်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## လင်းခေးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး ခရိုင်အဆင့်အသိပညာပေးဟောပြောပွဲ ကျင်းပ

**လင်းခေး နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့ အ-ထ-က (လင်းခေး) ၌ လင်းခေးခရိုင်သစ်တောဦးစီးဌာနကကြီးမှူး၍ မီးခိုးမြူငွေ့လျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေး ခရိုင်အဆင့် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၁ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်နှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးနိုင်တို့က လင်းခေးခရိုင်အတွင်း မီးခိုးမြူငွေ့လျှော့ချရေးလုပ်ငန်းများနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက် သစ်တောများ၏ အရေးပါပုံများကို အသိပညာပေးဟောပြောရာ ကျောင်းသားကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြောင်း သိရသည်။**ခရိုင်(ပြန်/ဆက်)**



❑ *ကျောဖုံးမှ*

ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် မက်စ်ဟိုင်းဝေး တိုးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၁၁ ဒသမ ၈၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၆၃၀၈)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၅၀၆၃၀၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နိုဝင်ဘာ ၁၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သထုံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၆၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Dong Feng Truck တစ်စီးနှင့် စက်မှုဇုန်ထုတ် Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ပဲခူးခရိုင် ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၂၅၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၈၄၀၄) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၂၄၃၄၀၄ ကို ဖမ်းဆီးရမိခဲ့ပြီး အရေးယူ ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၈ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၈၀၄၉၇၁၂)ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေး လုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။**သတင်းစဉ်**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် နိုဝင်ဘာ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာငံ နှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင် သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅၊ ဘဏ္ဍာရေးနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၆.၁၁.၂၀၂၄ ရက်မှ ၃.၁.၂၀၂၅ ရက်ထိဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ကြေညာထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့ ၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာငံ)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှာငံမြို့ ၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုအားကောင်းခြင်းအပေါ်တွင် များစွာမူတည်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ ကျင်းပသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု သင်တန်းကျောင်းစီမံခန့်ခွဲမှု အဖွဲ့ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား/သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နိုင်ငံ့ဝန်ထမ်းများ မွေးထုတ်ပေးရန်**

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်နိုင်ငံ၏ လူသားအရင်းအမြစ်၊ ငွေကြေးအင်အားနှင့် သယံဇာတအရင်းအမြစ်များသည် အကန့်အသတ်နှင့်ရှိနေပြီး ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုကောင်းမွန်ခြင်းဖြင့် ရှိပြီးအရင်းအမြစ်များ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန်နှင့် တည်ငြိမ်မှုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုအားကောင်းခြင်းအပေါ်တွင် များစွာမူတည်လျက်ရှိကြောင်း၊ ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ရှိရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည် ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများကို မွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း။

ယခုဖွင့်လှစ်သည့် သင်တန်းသို့ တက်ရောက်သည့် သင်တန်းသားများအနေဖြင့်လည်း ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာဘာသာရပ်နှင့် လက်တွေ့သင်ခန်းစာများကို သေချာစွာ လေ့လာသင်ကြားပြီး မိမိတို့၏ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် စနစ်တကျအသုံးချသွားကြရန်နှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစွမ်းရည်ဖြင့် ပံ့ပိုးဆောင်ရွက်သွားရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၈)တွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာတာဝန်ခံ ညွှန်ကြားရေးမှူးအဆင့် အရာထမ်း ၃၄ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ ခေတ်မီလက်မှုပညာသင်တန်းကျောင်း စီမံကိန်းဖွင့်ပွဲအခမ်းအနားနှင့် အဝတ်အထည်ချုပ်လုပ်မှုသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**

အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ ခေတ်မီလက်မှုပညာသင်တန်းကျောင်းစီမံကိန်း ဖွင့်ပွဲအခမ်းအနားနှင့် အဝတ်အထည်ချုပ်လုပ်မှု သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ အမှတ် (၂)စက်မှုသင်တန်းကျောင်း (မန္တလေး)၌ ကျင်းပသည်။



အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း နေပြည်တော် စက်မှုဝန်ကြီးဌာနရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ Guangxi Economic and Trade Vocational Institute (GXETVI)၊ Shenzhen Bok Times Technology and Development Co., Ltd. နှင့် Nanning Orient Daytonz Imp. & Exp. Co., Ltd. မှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ သင်တန်းဆင်း သင်တန်းသားများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဝတ်အထည်နှင့် အထည်ချုပ်ဆိုင်ရာ စီမံကိန်းနှစ်ခုဖြစ်သည့် Modern Craftsmanship Institute for Textile and clothing နှင့် Textile and Apparel Industry Workers Training Center – Luban Workshop တို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Economic and Trade Vocational Institute (GXETVI) နှင့် နားလည်မှုစာချွန်လွှာများ ရေးထိုးဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ အထည်ချုပ်သင်တန်းများကို စနစ်တကျ သင်ရိုးညွှန်းတမ်းများရေးဆွဲ၍ သင်ကြားလေ့ကျင့်ခြင်းဖြင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များကို ဖန်တီးပေးနိုင်မည်ဖြစ်သည့်အပြင် ဒေသတွင်း အငယ်စား၊အသေးစားနှင့် အလတ်စားလုပ်ငန်းများ ကြီးထွားဖွံ့ဖြိုးမှုကိုလည်း တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီး Mr. Luo Shengfang ၊ Nanning Orient Dayjtonz Imp and Exp Co., Ltd. မှ General Manager Mr. Xie Weidong တို့က အမှာစကားများပြောကြားကြပြီး အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)တွင် အထည်ချုပ်သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာများကို Mr. Xie Weidong နှင့် အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီးတို့ကလဲလှယ်၍ အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ ခေတ်မီ လက်မှုသင်တန်းကျောင်းစီမံကိန်း ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုပြသသည်။

ထို့နောက် အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာကိစ္စရပ်များ၊ Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီး Mr. Luo Shengfang က သင်တန်းပြီးမြောက်သူများ စာရင်းကို ဖတ်ကြား၍ ဆုရရှိသော သင်တန်းသားများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)သို့ ထောက်ပံ့လှူဒါန်းမည့် သင်ကြားရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများပေးအပ်ခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများ လဲလှယ်ခြင်းများ ဆောင်ရွက်ကြပြီး စီမံကိန်း ကမ္ပည်းမော်ကွန်းအား ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီး၊ Nanning Orient Dayjtonz Imp and Exp Co., Ltd. မှ General Manager တို့က အမွှေးနံ့သာဖြင့် ပက်ဖျန်းပြီး ဒုတိယဝန်ကြီးနှင့်အခမ်းအနားတက်ရောက်လာသူ များသည် သင်တန်းခန်းမအတွင်း သင်တန်းဆင်း Project များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းများ ထုပ်ဆီးတိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ဝန်ထမ်းအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးတက်စေရန်၊ ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်သန်စွမ်းမှု ရရှိစေရန်၊ ဝန်ထမ်းအချင်းချင်း ရိုင်းပင်းကူညီစိတ်များနှင့် စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အထများရရှိစေရန် ရည်ရွယ်၍ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းများ၏ ထုပ်ဆီးတိုးပြိုင်ပွဲကို ယနေ့တွင် ယင်းဝန်ကြီးဌာန၌ ကျင်းပသည်။

ပြိုင်ပွဲသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြည့်ရှုခဲ့ကြပြီး ဖွင့်ပွဲကျင်းပရာတွင် ပြည်ထောင်စုဝန်ကြီးက အားကစားပြုလုပ်ခြင်းကြောင့် ရရှိသည့် ပထမဆုံးအကျိုးကျေးဇူးသည် မိမိတို့၏ တစ်ကိုယ်ရေ ကျန်းမာရေးကောင်းကျိုးရရှိခြင်း ဖြစ်ပြီး ထို့မှတစ်ဆင့် အသင်းအဖွဲ့နှင့် အချင်းချင်း စည်းလုံးညီညွတ်၍ စုပေါင်းလုပ်ဆောင်တတ်သည့် စိတ်ဓာတ်ရရှိစေနိုင်သည့်အတွက် ဝန်ကြီးဌာနရှိ အားကစားဝါသနာရှင် ဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ စုပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်များ ဖော်ထုတ်ရရှိစေလိုကြောင်း ပြောကြားကာ ပါဝင်ယှဉ်ပြိုင် ကစားကြမည့် အားကစားဝါသနာရှင် ဝန်ထမ်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။



ယင်းနောက် ဝန်ကြီးရုံး အပါအဝင် ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းများ၏ ထုပ်ဆီးတိုးပြိုင်ပွဲကို စတင်ကျင်းပကြပြီး ဝန်ကြီးဌာနမှ ဝါသနာရှင် ဝန်ထမ်းအားကစားသမား ဦးရေ စုစုပေါင်း ၇၀ က ပြိုင်ပွဲဝင်အသင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကာ ပြိုင်ပွဲကို နိုဝင်ဘာ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်ဆည်ခရိုင်၌ နှံစားပြောင်းသီးနှံများ ရိတ်သိမ်းလျက်ရှိပြီး အရောင်းအဝယ်ဖြစ်





မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးစုံတို့ကို စိုက်ပျိုးလျက်ရှိရာ စီးပွားဖြစ် ဝင်ငွေတိုးသော နှံစားပြောင်းသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ကျောက်ဆည်ခရိုင်အတွင်း၌ နှံစားပြောင်း စိုက်ဧက စုစုပေါင်း ၄၂၀၅ ဧက စိုက်ပျိုးထားရှိပြီး ကျောက်ဆည်မြို့နယ်၌ ၂၈၄၁ ဧက၊ မြစ်သားမြို့နယ်၌ ၁၃၆၄ ဧကဖြင့် စိုက်ပျိုးနိုင်ခဲ့ကာ ကျောက်ဆည်မြို့နယ်၌ ၈၁၁ ဧက ရိတ်သိမ်းပြီးစီးကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နှံစားပြောင်းကို ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလဆန်းပိုင်းတွင် စတင်ထွက်ရှိကြောင်း၊ အများဆုံးစိုက်ပျိုးသောမျိုးမှာ ထွက်တိုးနီမျိုးဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး စိုက်ပျိုးမှုအတွက် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၃၅-၄၀ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလ ပထမပတ်တွင် တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး တစ်ဧကလျှင် ငွေကျပ် ၉၅၀၀၀၀ ခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မြို့ပေါ်ပွဲရုံများသို့ ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးနှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ နှံစားပြောင်းသီးနှံ စိုက်ပျိုးခြင်းဖြင့် တိရစ္ဆာန်အစားအစာများ ဖူလုံသည့်အပြင် ပြောင်းရိုးများကိုလည်း အခင်းပြတ်ရောင်းချရသဖြင့် အပိုဝင်ငွေများရရှိသောကြောင့် နှံစားပြောင်းသီးနှံကို နှစ်စဉ် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

DOCA(မန္တလေး)

# ကျောက်ဆည်ငှက်ပျောလှိုင်လှိုင်ပေါ် တောင်သူများ စီးပွားရေးတွက်ခြေကိုက်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ငှက်ပျောသီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြောင်း၊ ကျောက်ဆည်မြို့နယ်၌ ၁၂၈၂ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ဧက ၇၅၀၊ မြစ်သားမြို့နယ်၌ ၁၀၈၁ ဧကဖြင့် ငှက်ပျောစိုက်ဧက စုစုပေါင်း ၃၁၁၃ ဧက စိုက်ပျိုးပြီး ရွှေလျောင်း၊ ဆူလေးကုန်းနှင့် ကံဆွယ်ကျေးရွာများ၌ အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

ငှက်ပျောသီးနှံကို ဇွန်လနှင့် ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလဆန်းပိုင်းတွင် ခူးဆွတ်လျက်ရှိကြောင်း၊ ငှက်ပျောစိုက်ပျိုးရာတွင် စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ငှက်ပျောအခိုင် ၈၀၀ ခန့်အထိ ထွက်ရှိကြောင်း၊ နိုဝင်ဘာလပထမပတ်တွင် လက်ကားဈေးနှုန်းအနေဖြင့် ငှက်ပျောအခိုင် ၄၀ ပါ လှည်းတစ်စီးလျှင် ငွေကျပ် ၂၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး လက်လီဈေးနှုန်းအနေဖြင့် ငှက်ပျောလက်ရင်းတစ်ဖီးလျှင် ငွေကျပ် ၃၅၀၀ နှင့် လက်ဖျားတစ်ဖီးလျှင် ငွေကျပ် ၂၅၀၀-၂၆၀၀ ဖြင့် ရောင်းချရကြောင်း၊ တောင်သူအကျိုးအမြတ်အနေဖြင့် ငွေကျပ် ၄၁၀၀၀၀၀ ခန့် ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ငှက်ပျောအခိုင်များကို သီးနှံပွဲစားများက ဥယျာဉ်ခြံထဲအရောက် လာရောက်ဝယ်ယူကြပြီး ထိုမှတစ်ဆင့် မန္တလေးနှင့် ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ငှက်ပျောများ ဖြိုင်ဖြိုင်ထွက်ပေါ်လျက်ရှိသောကြောင့် ဈေးနှုန်းအနည်းငယ်ကျဆင်းသော်လည်း အကျိုးအမြတ်ရလျက်ရှိကြောင်း ငှက်ပျောစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)



# ကျိုင်းတုံမြို့နယ်၌ မိုးကန်စွန်းဥ စိုက်ပျိုးခြင်းဖြင့် တောင်သူများဝင်ငွေတိုး

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းလပ်အုပ်စု၊ မိုင်းဇင်းအုပ်စုများတွင် ရာသီအလိုက် သီးနှံများကို စိုက်ပျိုးလျက်ရှိရာ မိုးကန်စွန်းဥကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မိုးကန်စွန်းဥကို မေလနှင့် ဇွန်လတို့တွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် ထွက်ရှိကြောင်း၊ မျိုးအနေဖြင့် ဒေသမျိုးများဖြစ်သော ရွှေဝါမျိုးနှင့် ငချိပ်မျိုးဟူ၍ နှစ်မျိုးရှိပြီး ငချိပ်မျိုးကိုသာ အများဆုံးစိုက်ပျိုးကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ကန်စွန်းဥပျိုးပင်များကို မိမိခြံ၌ထွက်ရှိသော ကန်စွန်းပင်၏ အညွန့်များကို နှစ်ပေ-သုံးပေခန့်ဖြတ်တောက်၍ ပျိုးထောင်ကာ စိုက်ပျိုးရကြောင်း၊ တစ်ဧကလျှင် ကန်စွန်းဥပျိုးပင်ပေါင်း ၈ သောင်း၊ ၉ သောင်းခန့် စိုက်ပျိုးရပြီး မြေကိုထွန်ယက်၍ ပေါင်စနစ်ဖြင့် စိုက်ပျိုးရကြောင်း၊ တစ်ဧကလျှင် ကန်စွန်းဥပိဿာချိန် ၈၀၀ ခန့် ထွက်ရှိကြောင်း၊ စိုက်ပျိုးမှုအတွက် မြေထွန်ယက်ခ၊ မြေဆွေး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၁ သိန်း ခန့်ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလ ပထမပတ်တွင် လက်ကားဈေးနှုန်း ကန်စွန်းဥ အလုံးအသေး/ အကြီး အပေါ်မူတည်၍ ၁၀ လုံး - ၁၂ လုံးပါ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ရာ တစ်ဧကလျှင် ငွေကျပ် ကိုးသိန်းခန့် အမြတ်ရရှိပြီး တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ် ရရှိသောကြောင့် နှစ်စဉ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



DOCA(ရှမ်း)

## ၁၁-၁၁-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၀၀၀ | ၂၈၀၀၀ | ၁၀၂၆၉ | ၂၂၀၀၀ | ၈၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၃၀၀ | | ၇၇၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၁၇၅၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၂၁၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၈၀၀ | ၈၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၂၀၀ | ၂၀၀၀၀ | ၇၅၇၈ | ၁၇၅၀၀ | ၄၉၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၁၅၀၀ | ၂၅၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၅၀၀၀ | | ၈၃၀၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | | ၄၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၃၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၃၀၀ | ၁၉၀၀၀ | ၇၃၃၀ | ၁၂၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၅၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၅၅၀ | ၁၅၀၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၅၀၀ | ၈၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၁၀၀၀ | ၇၄၀၀ | ၈၅၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၀၀ | ၉၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၇၈၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၅၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၇၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၇၆၅၀ | ၁၄၀၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၄၅၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၇၄၀၀ | ၁၀၅၀၀ | ၄၆၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၇၄၀၀ | ၁၁၀၀၀ | ၄၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၇၅၅၀ | ၁၂၅၀၀ | ၄၅၀၀ | ၁၅၅၀၀ | ၁၉၀၀၀ | ၉၂၀၀ | ၃၃၀၀ | ၇၀၀ | ၈၅၀၀ | ၇၄၀၀ | ၆၂၀၀ | ၇၀၀၀ | ၅၃၅၀ | ၂၅၀၀၀ | ၂၅၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၇၅၅၀ | ၁၃၀၀၀ | ၅၀၀၀ | ၁၆၅၀၀ | ၁၉၅၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၇၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၅၀၀ | ၇၅၀၀ | ၅၃၅၀ | ၂၆၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | ၁၃၄၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၇၀၀၀ |

# မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာမည့် အမျိုးသားအားကစားပွဲတော်

*မောင်သောင်းဝင်း(တမန်ဟောင်း)*

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်သည်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအလိုက် ပြိုင်ပွဲများတွင် အားကစားနည်း ခြောက်မျိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲများတွင် အားကစားနည်း ၂၃ မျိုး ကျင်းပသွားမည်ဖြစ်ပြီး အားကစားသမား စုစုပေါင်း ၆၅၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု ခန့်မှန်းထားကာ ဆုတံဆိပ် ၂၀၀ ကျော် ပေးသွားမည်ဖြစ်သည်။

**စတုတ္ထအကြိမ်အထိကျင်းပခဲ့**

အမျိုးသားအားကစားပွဲတော်များကို (၄) ကြိမ် ကျင်းပခဲ့ပြီးဖြစ်ရာ ပထမအကြိမ်ကို ၁၉၉၂ ခုနှစ် မေလ ၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် အားကစားနည်း ၂၂ မျိုး၊ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် အားကစားနည်း ၂၄ မျိုး၊ တတိယအကြိမ်ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်မြို့တွင် အားကစားနည်း ၂၉ မျိုး၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှ ၂၈ ရက်နေ့အထိ နေပြည်တော်တွင် အားကစားနည်း ၂၇ မျိုးတို့ဖြင့် ကျင်းပခဲ့သည်။

**ကြိုတင်ပြင်ဆင်မှုများပြုလုပ်**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပရန် အချိန်ကာလနီးကပ်လာပြီဖြစ်သည်။ အမျိုးသားအားကစားပွဲတော်သည် နိုင်ငံတော်အဆင့်ဖြစ်သည်နှင့်အညီ ဖွင့်ပွဲအခမ်းအနားကို ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ကျင်းပနိုင်ရန်နှင့် ပြိုင်ပွဲများကျင်းပခြင်း၊ ယှဉ်ပြိုင်ခြင်းတို့တွင်လည်း အဆင့်အတန်းမီမီ၊ အောင်အောင်မြင်မြင် ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

အထူးသဖြင့် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၊ NGO အဖွဲ့အစည်းများ၊ မီဒီယာလောကသားများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးသည် ကျရာအခန်းကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

**ကောင်းမွန်သောရည်ရွယ်ချက်များ**

ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးကို လာမည့်ဒီဇင်ဘာလအတွင်း ခမ်းခမ်းနားနား၊ စည်စည်ကားကားနှင့် အနှစ်သာရပြည့်ဝစွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်



လျက်ရှိသည်။ အားကစားပွဲတော်၏ ရည်ရွယ်ချက်များမှာ နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန်ဖြစ်သည်။

**ရွေးချယ်သွားမည်**

ယခုကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှ ထွက်ပေါ်လာမည့် အလားအလာရှိသည့် လက်ရွေးစင်အားကစားသမားများ၊ မျိုးဆက်သစ်အားကစားသမားများကို လာမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများအတွက် အလားအလာရှိသည့် လက်ရွေးစင်အားကစားသမားများ ရွေးချယ်သွားမည်ဖြစ်သည်။ ထိုသို့ ရွေးချယ်ရာတွင် အမှန်တကယ် အရည်အချင်းရှိသူများ၊ အားကစားနည်းအလိုက် စံနှုန်းကောင်းမွန်သူများကို ရွေးချယ်သွားမည်ဖြစ်သည်။ သို့မှသာလျှင် နိုင်ငံတကာပြိုင်ပွဲများ၌ ယှဉ်ပြိုင်သည့်အခါ အဆင့်မီမီ၊ သူတင်ကိုယ်တင် ယှဉ်ပြိုင်နိုင်ကြမည်ဖြစ်သည်။

**“ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးသည် တိုင်းရင်းသားပြည်သူအားလုံး၏ မျိုးချစ်စိတ် တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုလည်းဖြစ်သည်။ အထူးသဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ခမ်းခမ်းနားနား၊ ထည်ထည်ဝါဝါ၊ စည်စည်ကားကား၊ စံချိန်စံညွှန်းကောင်းကောင်း ကျင်းပနိုင်ရန် ဘက်စုံထောင့်စုံ ကြိုးပမ်းဆောင်ရွက်လျက်ရှိ”**

ထို့ပြင် အမျိုးသားအားကစားပွဲတော်တွင် စွမ်းစွမ်းတမံ ပါဝင်ယှဉ်ပြိုင် ဆုတံဆိပ်ဆွတ်ခူးရရှိသည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်ပေးအပ်ခြင်းကဲ့သို့သော အားပေးချီးမြှင့်ခြင်းများလည်း လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။ ထို့ကြောင့် အားကစားသမားတိုင်းက မိမိတို့အားကစားနည်းအလိုက် ထူးချွန်အောင်၊ စံချိန်ကောင်းများရရှိအောင်၊ နိုင်ငံတကာအဆင့်ပြိုင်ပွဲများအထိ ယှဉ်ပြိုင်နိုင်အောင် အစွမ်းကုန် ပြင်ဆင်လေ့ကျင့်သွားရန် လိုအပ်ပေသည်။

**လက်နက်မပါသောတိုက်ပွဲများ**

နိုင်ငံတစ်နိုင်ငံ၏ အားကစားအောင်မြင်မှုက ထိုနိုင်ငံ၏ လူမှုအဆင့်အတန်းမြင့်မားမှုကို ပြသလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းသည် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုမြင့်မြင့်မားမားရရှိနိုင်ရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းကြရသည်။ အမှန်တော့ မြန်မာနိုင်ငံသည် တစ်ခေတ်တစ်ခါက ဘောလုံးအပါအဝင် အားကစားနည်း အများအပြားတို့တွင် အောင်မြင်မှုများစွာ ရရှိခဲ့ဖူးသည့် မှတ်တမ်းများရှိခဲ့သည်။

စင်စစ်အားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉)ရပ်တွင် “တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး”ဆိုသည့် ဦးတည်ချက်တစ်ရပ်ကို ထည့်သွင်းချမှတ်ထားသည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍ မြှင့်တင်နိုင်ရေးတို့အတွက် ရည်ရွယ်ချမှတ်ထားခြင်းဖြစ်သည်။ တစ်မျိုးသားလုံး ကျန်းမာနေမှသာလျှင် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

အားကစား၏ရည်မှန်းချက်သည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုကို ရှေးရှုသည်ဆိုသော်လည်း ယခုအခါ အားကစားသည် တစ်ဦးချင်း ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲမှသည် လူပေါင်းရာထောင်ချီ ပါဝင်သည့်ပြိုင်ပွဲများ၊ ကျေးလက်အဆင့် အားကစားပြိုင်ပွဲများမှသည် ကမ္ဘာနှင့်ချီသည့် အိုလံပစ်ပြိုင်ပွဲများအထိ ကျင်းပလျက်ရှိသည်။ အားကစားအောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခံ့ညားစေခြင်း ဖြစ်သည့်အတွက် **“အားကစားပြိုင်ပွဲများကို လက်နက်မပါသော တိုက်ပွဲများ”**ဟု တင်စားပြောဆိုရေးသားလာကြပြီဖြစ်သည်။

အမှန်တော့ အစိုးရအဆက်ဆက်သည် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အမျိုးသားအားကစားပွဲတော်များကို ကျင်းပခဲ့ကြသည်။ အားကစားလှုပ်ရှားဆောင်ရွက်မှုများသည် နိုင်ငံအတွင်းရှိ ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးကို များစွာအထောက်အကူပြုနေသည့်အပြင် အားကစားနည်းအလိုက် မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက်လည်း တိုက်ရိုက်အထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးနှင့် အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်ရေးအတွက် နယ်ပယ်ဒေသကဏ္ဍအစုံတွင် အားကစား စုပေါင်းလှုပ်ရှားမှုများနှင့် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသည့်အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲများသို့လည်း စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက်ရှိသည်။

**မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာမည်**

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးသည် တိုင်းရင်းသားပြည်သူအားလုံး၏ မျိုးချစ်စိတ် တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုလည်းဖြစ်သည်။ အထူးသဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ခမ်းခမ်းနားနား၊ ထည်ထည်ဝါဝါ၊ စည်စည်ကားကား၊ စံချိန်စံညွှန်းကောင်းကောင်း ကျင်းပနိုင်ရန် ဘက်စုံထောင့်စုံ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်လာစေရေးရည်ရွယ်ကာ အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပေးခြင်းဖြစ်သည်။ ထို့ကြောင့် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တာဝန်ရှိသူများအနေဖြင့် ပြိုင်ပွဲတိုင်းတွင် အဆင့်မီမီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အဆင့်ဆင့်သောပြိုင်ပွဲများပြုလုပ်ပြီး စနစ်တကျလူရွေးချယ်ခြင်း၊ စနစ်တကျ ကြိုတင်ပြင်ဆင်စုဖွဲ့လေ့ကျင့်မှုများ ပြုလုပ်ထားသင့်ပါသည်။ ထို့ပြင် ပြိုင်ပွဲဝင်ပြည်နယ်နှင့် တိုင်းဒေသကြီးကိုယ်စားပြုအသင်းများအနေဖြင့် မျိုးဆက်သစ်များအား အခြေခံကျကျရွေးချယ်မှသာ အားကစားနည်းအလိုက် မျိုးဆက်သစ် အမြောက်အမြား ပေါ်ထွက်လာမည်ဖြစ်ပါသည်။

ဆိုရလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးကို နိုင်ငံတော်အဆင့် အဓိပ္ပာယ်ရှိရှိ၊ အရည်အသွေးမြင့်မြင့်နှင့် စနစ်တကျ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် **“စည်းလုံးညီညာ အောင်ကြောင်းဖြာ”**ဆိုသကဲ့သို့အမျိုးသားအားကစားပွဲတော်ကြီးကို အောင်မြင်စွာကျင်းပနိုင်မည်ဟု ခိုင်မာစွာ ယုံကြည်မိပါတော့သည်။ ။

**ကိုးကား။**

**နေ့စဉ်ထုတ်သတင်းစာများ။**

# လက်ဘနွန်နိုင်ငံ၌ဖြစ်ပွားခဲ့သော ပေဂျာစစ်ဆင်ရေးတွင် တာဝန်ရှိကြောင်း နေတန်ယာဟု ဝန်ခံခဲ့သည်ဟု အစ္စရေး မီဒီယာဖော်ပြ




**ဂျေရုဆလင် နိုဝင်ဘာ ၁၁**

စက်တင်ဘာလတွင် လက်ဘနွန်နိုင်ငံတစ်ဝန်း၌ ဖြစ်ပွားခဲ့သော လက်ကိုင်ဆက်သွယ်ရေးစက်ကိရိယာများ ဆက်တိုက်ပေါက်ကွဲမှု၏ နောက်ကွယ်တွင် အစ္စရေးအစိုးရ ရှိခဲ့သည်ဟု ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုဝန်ခံခဲ့ကြောင်း အစ္စရေးမီဒီယာများက ဖော်ပြလိုက်သည်။

နိုဝင်ဘာ ၁၀ ရက်ကပြုလုပ်ခဲ့သော ဝန်ကြီးအဖွဲ့အစည်းအဝေးတစ်ခုတွင် ဝန်ကြီးချုပ်က ထိုသို့ ဝန်ခံပြောကြားလိုက်ခြင်းဖြစ်သည်။ လက်ဘနွန်နိုင်ငံရှိ ရှီးယိုက်မွတ်စလင်အုပ်စုဖြစ်သည့် ဟစ်ဇ်ဘိုလာအဖွဲ့များကို ပစ်မှတ်ထားသည့် ယင်းစစ်ဆင်ရေးတွင် အစ္စရေးအစိုးရပါဝင်ခဲ့ခြင်းကို ပထမဆုံးအကြိမ် ဝန်ခံခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာလတွင် လက်ဘနွန်နိုင်ငံတစ်ဝန်း၌ လက်ကိုင်ဆက်သွယ်ရေး စက်ကိရိယာများ ပေါက်ကွဲမှုဖြစ်ပွားခဲ့သောကြောင့် လူ ၄၀ ခန့်သေဆုံးခဲ့ပြီး ၃၄၀၀ ကျော်ဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်စဉ်တွင် ဟစ်ဇ်ဘိုလာအဖွဲ့ဝင်အချို့ သေဆုံးခဲ့ကြောင်း ဟစ်ဇ်ဘိုလာတို့က ပြောသည်။

အကြီးတန်းလုံခြုံရေးအရာရှိများနှင့် နိုင်ငံရေးသမားများဆန့်ကျင်နေသည့်တိုင် ပေဂျာစစ်ဆင်ရေးနှင့် ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟက်ဆန်နာစရယ်လကို သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း နေတန်ယာဟုက ပြောကြားခဲ့သည်။

မစ္စတာ နေတန်ယာဟုသည် ပေဂျာစစ်ဆင်ရေးကို ခွင့်ပြုခဲ့ကြောင်း ပြင်သစ်သတင်းမီဒီယာတစ်ခုနှင့် အခြားမီဒီယာများက ဖော်ပြခဲ့သည်။

အစ္စရေးတပ်ဖွဲ့များသည် လက်ဘနွန်၌ ဟစ်ဇ်ဘိုလာတို့ကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ထို့ပြင် လက်ဘနွန်တောင်ပိုင်းတွင်လည်း မြေပြင်ထိုးစစ်များကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

နိုဝင်ဘာ ၁၀ ရက်က လက်ဘနွန်နိုင်ငံအလယ်ပိုင်း၌ အစ္စရေးလေကြောင်းတိုက်ခိုက်မှုတစ်ခုပြုလုပ်ခဲ့ရာ ကလေး ခုနစ်ဦး အပါအဝင် လူ ၂၃ ဦးသေဆုံးခဲ့သည်။ ၂၀၂၃ ခုနှစ်အောက်တိုဘာနှောင်းပိုင်းမှစကာ လက်ဘနွန်နိုင်ငံအတွင်း အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် လူပေါင်း ၃၀၀၀ ကျော် သေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနိုင်ငံ လီဝိုထိုဘီ မီးတောင်ပေါက်ကွဲမှုကြောင့် လူပေါင်း ၁၂၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်း

**ဂျကာတာ နိုဝင်ဘာ ၁၁**

အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာထန်ဂါရာပြည်နယ်တွင်တည်ရှိသော လီဝိုထိုဘီမီးတောင်သည် နိုဝင်ဘာ ၁၁ ရက်က ထပ်မံပေါက်ကွဲခဲ့သဖြင့် လူပေါင်း ၁၂၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း မီးတောင်နှင့် ဘူမိဗေဒဘေးအန္တရာယ် လျော့ပါးရေးဌာနနှင့် ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အရှေ့ဖလောရက်စ်ခရိုင်တွင် တည်ရှိသောမီးတောင်သည် ပေါက်ကွဲမှုကြောင့် ကောင်းကင်ယံသို့ မီတာ ၂၅၀၀ အထိ ပြာများလွင့်ထွက်နေသည့်အပြင် အနောက်နှင့် အနောက်မြောက်ဘက်သို့လည်း ပြာများလွင့်စဉ်ရောက်ရှိခဲ့ကြောင်း သဘာဝဘေးအန္တရာယ် လျော့ပါးရေးဌာနက ပြောကြားသည်။ မီးတောင်ပေါက်ကွဲမှု အရှိန်မြင့်လာမှုကြောင့် မီးတောင်ဝတစ်ဝိုက် အန္တရာယ်ဇုန်ကို ၇ ကီလိုမီတာမှ ၉ ကီလိုမီတာအထိ တိုးချဲ့သတ်မှတ်ထားသည်။

အန္တရာယ်ဇုန်ကို တိုးချဲ့လိုက်ခြင်းကြောင့် နိုဝင်ဘာ ၁၁ ရက်အထိ လူပေါင်း ၁၂၀၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းခိုလှုံနေကြရကြောင်းနှင့် မီးတောင်ဝမှ ၁၂ ကီလိုမီတာအကွာအဝေးရှိ ရပ်ရွာအားလုံးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အကြံပြုထားကြောင်း ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် လျော့ပါးရေးအေဂျင်စီမှ အကြီးတန်းအရာရှိ ရစ်ချက်ဖွဲ့ထ်က ဆိုသည်။

အေဂျင်စီနှင့် ဒေသဆိုင်ရာ အာဏာပိုင်များသည် ရွှေ့ပြောင်းနေထိုင်သူများကို မရှိမဖြစ်လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများ ပေးဆောင်နိုင်ရန် အနည်းဆုံးကယ်ဆယ်ရေးစခန်းသုံးခု ထူထောင်ထားသည်။ ထိုမီးတောင်ပေါက်ကွဲမှုသည် လေကြောင်းပျံသန်းမှုကိုလည်း ထိခိုက်စေခဲ့သဖြင့် ပြည်နယ် လေဆိပ်သုံးခုကို ယာယီပိတ်ထားခဲ့ရသည်။

ယခုမီးတောင်ပေါက်ကွဲမှုသည် နိုဝင်ဘာ ၄ ရက်ကလည်း ဖြစ်ပွားခဲ့ရာ ၁၀ ဦးသေပြီး ၆၃ ဦး ဒဏ်ရာရရှိမှုနှင့်အတူ လူပေါင်း ၄၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ၁၅၈၄ မီတာအမြင့်ရှိ လီဝိုထိုဘီ မီးတောင်သည် အင်ဒိုနီးရှားနိုင်ငံရှိမီးတောင် ၁၂၇ လုံးအနက်မှ တစ်လုံးဖြစ်သည်။

**ဆင်ဟွာ**



မီးတောင်ပေါက်ကွဲသဖြင့် ပြာများ လွင့်စဉ်နေသည်ကို တွေ့ရစဉ်။

# တာလီဘန်တို့က ထရမ့်လက်ထက်တွင် အမေရိကန်နှင့် ပိုမိုနီးကပ်သော ဆက်ဆံရေး ထူထောင်မည်ဟုဆို

**တိုကျို နိုဝင်ဘာ ၁၁**

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့် အနိုင်ရပြီးနောက် တာလီဘန်အဖွဲ့က အမေရိကန်နှင့် နွေးထွေးသော ဆက်ဆံရေးကို ထူထောင်နိုင်ရန် မျှော်လင့်ကြောင်း တာလီဘန် အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

တာလီဘန်ကြားဖြတ်အစိုးရ၏ သံတမန်ရေးရာများကို ကိုင်တွယ်လျက်ရှိသည့် ဒိုဟာအခြေစိုက် တာလီဘန်နိုင်ငံရေးဌာန၏ အကြီးအကဲ ဆူဟေးလ်ရှာဟင်းက ၎င်းတို့အနေဖြင့် အမေရိကန်တို့နှင့် အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှုများ လုပ်ဆောင်မည်ဟု ထုတ်ဖော်ပြောဆိုသည်။ ၂၀၂၀ ပြည့်နှစ်တွင် တာလီဘန်တို့နှင့် လက်မှတ်ရေးထိုးခဲ့သော အမေရိကန်တပ်များ အာဖဂန်နစ္စတန်မှ ဆုတ်ခွာခဲ့သည့် ငြိမ်းချမ်းရေး သဘောတူညီချက်ကိုရည်ညွှန်း၍ ရှာဟင်းက သမ္မတထရမ့်အနေဖြင့် ပဋိပက္ခများကို အဖြေရှာနိုင်ရန်အတွက် လက်တွေ့ကျကျ လုပ်ဆောင် နိုင်သူတစ်ဦးဖြစ်သည်ဟု ယူဆကြောင်းနှင့် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေး လုပ်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ရှာဟင်းက ထုတ်ဖော်ပြောကြားသည်။

အမေရိကန်အပါအဝင် အခြားသောနိုင်ငံများက တာလီဘန်တို့၏ အမျိုးသမီးအခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများကြောင့် တင်းကျပ်သောပိတ်ဆို့အရေးယူမှုများကို ဆက်လက် ချမှတ်ထားသည်။ အိမ်ဖြူတော်သို့ ထရမ့် ပြန်လည်ရောက်ရှိလာပါက အမေရိကန်နှင့် တာလီဘန်တို့အကြား ပိုမိုခိုင်မာသော ထိတွေ့ဆက်ဆံရေးကို တည်ဆောက်ရန် ကြိုးစားနိုင်ဖွယ်ရှိကြောင်း ကျွမ်းကျင်သူအချို့က သုံးသပ်ထားသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်ရပ်တည်ချက်မသေချာသော်လည်း ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုညီလာခံကို အဇာဘိုင်ဂျန်၌ ကျင်းပ

**ဘာကူ နိုဝင်ဘာ ၁၁**

အမေရိကန်သမ္မတရွေးကောက်ပြိုင်ပွဲတွင် ဒေါ်နယ်ထရမ့် အနိုင်ရပြီးနောက် အမေရိကန်၏ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး မသေချာမှုများနှင့် ကြုံတွေ့နေရချိန်တွင် နှစ်စဉ်ကျင်းပနေမြဲဖြစ်သည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုညီလာခံကို အဇာဘိုင်ဂျန်၌ ကျင်းပသည်။

ရာသီဥတုပြောင်းလဲမှုညီလာခံကို နိုဝင်ဘာ ၁၁ ရက်တွင် အဇာဘိုင်ဂျန် ဘာကူမြို့၌ ကျင်းပခဲ့သည်။ ကြီးမားသည့်ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စည်းလုံးညီညွတ်သင့်ကြောင်း ရာသီဥတုပြောင်းလဲမှုညီလာခံဥက္ကဋ္ဌနှင့် အဇာဘိုင်ဂျန်၏ ဂေဟစနစ်နှင့် သယံဇာတဝန်ကြီး မူခါတာဘာဘာယာ့ဗ်က ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသာမပါပါက အခြေအနေမှာ အခက်တွေ့သွားနိုင်ကြောင်း အာဖရိကကမ်းရိုးတန်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ကိုမိုရို့စ်မှ ကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့သည်။

ဒေါ်နယ်ထရမ့်၏ ရပ်တည်ချက်သဘောထားနှင့်ပတ်သက်ပြီး အနည်းငယ်စိတ်ပူမိကြောင်း ဖင်လန်နိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# လက်ဘနွန်မှ အစ္စရေးနိုင်ငံသို့ ဒုံးကျည်အစင်း ၅၀ ပစ်လွှတ်သဖြင့် သုံးဦး ဒဏ်ရာရ

**ဂျေရုဆလင် နိုဝင်ဘာ ၁၁**

အစ္စရေးတပ်ဖွဲ့များက လက်ဘနွန်တောင်ပိုင်းရှိ ကျေးရွာများကို တိုက်ခိုက်မှုများ ပြုလုပ်ရန် ပြင်ဆင်နေချိန် နိုဝင်ဘာ ၁၁ ရက် မွန်းတည့်ချိန်က လက်ဘနွန်မှ အစ္စရေးမြောက်ပိုင်းသို့ ဒုံးကျည် အစင်း ၅၀ ခန့် ပစ်ခတ်ခဲ့ရာ လူသုံးဦး ဒဏ်ရာရရှိသည်။

ဒုံးကျည်များ ပစ်လွှတ်သည့် မိနစ် ၃၀ ခန့်အတွင်း ဂါလီလီအထက်ပိုင်းနှင့် အနောက်ဂါလီလီ တစ်လျှောက် လေကြောင်းတိုက်ခိုက်မှုသတိပေးသည့် ဥဩသံများ ထွက်ပေါ်လာခဲ့သည်။ ဒုံးကျည်အချို့ကို ကြားဖြတ်ဟန့်တားနိုင်ခဲ့သော်လည်း အချို့မှာ ကျရောက်ပေါက်ကွဲခဲ့ကြောင်း အစ္စရေး ကာကွယ်ရေးတပ်ဖွဲ့က ထုတ်ပြန်ထားသည်။ ဖြစ်စဉ်ကြောင့် ကလေးငယ်တစ်ဦး၊ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ် ဒဏ်ရာရရှိကြောင်း အစ္စရေးနိုင်ငံမှ မက်ဂန်ဒေးဗစ်အာဒမ် ကယ်ဆယ်ရေးလုပ်ငန်းက ပြောကြားသည်။



အစ္စရေးကာကွယ်ရေးတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ အက်ဗစ်ချေးအက်ဒရေးက လက်ဘနွန်တောင်ပိုင်းရှိ ရွာပေါင်း ၂၁ ရွာတွင် ဟစ်ဇ်ဘိုလာတို့၏ စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုသည့်အိမ်မှန်သမျှကို ပစ်မှတ်ထားတိုက်ခိုက်မှုများ လုပ်ဆောင်မည်ဖြစ်၍ နေထိုင်သူများကို နေအိမ်များမှ ချက်ချင်းထွက်ခွာရန် လူမှုကွန်ရက် မီဒီယာမှတစ်ဆင့် အသိပေးချက်ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**

## ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်မည့် အားကစားသမားများ အုပ်ချုပ်သူ/ နည်းပြများကို ဧည့်ခံကျွေးမွေးနေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်း Cluster-9 တွင် အမျိုးသား အားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများ နှင့် အုပ်ချုပ်သူ/ နည်းပြများကို တည်ခင်းဧည့်ခံ ကျွေးမွေးနိုင်ရန် ချက်ပြုတ်ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ တည်ခင်းကျွေးမွေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

